# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက် ကြာသပတေးနေ့။ Thursday, 11 June 2026 ၁၂၂၀၆


ဆောင်းပါး

**တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအရာရှိများ၏ ကျင့်ဝတ်သိက္ခာ စောင့်ထိန်းမှု**


စာမျက်နှာ » ၆


ပြည်တွင်းရေးရာ

**ကလေး - တမူး နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်း ပြန်လည် ထိန်းချုပ် ဖွင့်လှစ်နိုင်ရေး တပ်မတော်စစ်ကြောင်းများက နယ်မြေတည်ငြိမ် အေးချမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းများ ကြိုးပမ်း ဆောင်ရွက်**




စာမျက်နှာ » ၉


ပြည်တွင်းရေးရာ

**ကန့်ဘလူမြို့နယ်၌ မိုးစပါး ၁၄၃၇၆၃ ဧက စိုက်ပျိုးရန် လျာထားပြီး ဆန်စပါး ထုတ်လုပ်မှု တိုးတက်ရေး ဆောင်ရွက်မည်**


စာမျက်နှာ » ၁၂


# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

## တပ်ကုန်းမြို့နယ်ရှိ ရွှေမြို့ ဆင်သေချောင်းကူးတံတားအား ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်မည်

နေပြည်တော် ဇွန် ၁၀

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၉ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၃ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပစဉ်။

# မင်းလှမြို့နယ်၌ မျက်စိအတွင်းတိမ်နှင့် မျက်စိရောဂါ စမ်းသပ်စစ်ဆေးခြင်းဆောင်ရွက်



အထက်မင်းလှ ဇွန် ၁၀

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့် သပြေတောကျေးရွာရှိ ပြည်သူများအား မျက်စိအတွင်းတိမ်နှင့် မျက်စိရောဂါ စမ်းသပ်စစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် မင်းလှမြို့ ဦးကင်းဓမ္မာရုံနှင့် သပြေတောကျေးရွာရှိ ဘုန်းကြီးကျောင်း၌ ဆောင်ရွက်ပေးသည်။

မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနက ဆောင်ရွက်သည့် သီတဂူစက္ခုဒါနအလှူတော်အတွက် တောင်တွင်းကြီးမြို့ မျက်ခမ်းစပ်ဌာနမှ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

# ညောင်ဦးမြို့နယ် ကျေးရွာနေပြည်သူများအား ရေသယ်ယာဉ်ဖြင့် သောက်သုံးရေလှူဒါန်း

ညောင်ဦး ဇွန် ၁၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ယနေ့နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ် ကျေးရွာများရှိ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းသည်။


စာမျက်နှာ ၃ ကော်လံ ၅ သို့ ○





# ပြည်သူရွေးချယ်သည့်ပြည်သူ့အစိုးရ နိုင်ငံနှင့်ပြည်သူ့အကျိုးဆောင်ကြဉ်း

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းခွဲ၍ အောင်မြင်စွာကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများက ၎င်းတို့စိတ်ဆန္ဒအတိုင်း ပြည်သူ့ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် တက်တက်ကြွကြွ ရွေးချယ်ပေးခဲ့သည်။ ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်များက နိုင်ငံတော်၏ တာဝန်များကို ဦးလည်မသုန်ကျေပွန်စွာထမ်းဆောင်နိုင်မည့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့်လွှတ်တော်ဥက္ကဋ္ဌများကို ရွေးချယ်တင်မြှောက်ပေးခဲ့ရာ သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်တည်ဆောက်မည့် အစိုးရသစ်ဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်နေပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ဇွန် ၉ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတက "မိမိတို့အနေဖြင့် ရွေးကောက်ခံအစိုးရဖြစ်ပြီး ပြည်သူများက ရွေးချယ်ထားသည့် ပြည်သူ့အစိုးရဖြစ်ကြောင်း၊ ပြည်သူများ၏ကိုယ်စား နိုင်ငံ့အကျိုးကို ထမ်းဆောင်ကြရမည့်၊ ပြည်သူ့အကျိုးကို ဖော်ဆောင်ကြရမည့် အစိုးရဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အချင်းချင်းပေါင်းစပ်ညှိနှိုင်းမှုကောင်းစွာဖြင့် တာဝန်ထမ်းဆောင်သွားကြရန်လိုကြောင်း၊ ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရမည်ဖြစ်သကဲ့သို့ ဝန်ထမ်းများအချင်းချင်း ညီညွတ်မျှတစွာဖြင့် အထက်အောက် ကွပ်ကဲအုပ်ချုပ်သွားရန်လိုကြောင်း၊ ပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများအား ထုတ်ပြန်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း မလိုလားအပ်ဘဲ ပြည်သူတို့အပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်လည်း ဂရုပြုဆောင်ရွက်သွားကြရန်လိုကြောင်း"ပြောကြားခဲ့သည်။

ဒီမိုကရေစီအစိုးရ၊ ပြည်သူ့အစိုးရအနေဖြင့် ပြည်သူကို အလေးထား၍ ဆောင်ရွက်ကြရပေသည်။ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံ့ဝန်ထမ်းများက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားဆောင်ရွက်ကြရမည်ဖြစ်သလို ပြည်သူများအနေဖြင့်လည်း ဥပဒေကို ကောင်းစွာသိရှိနားလည်နိုင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ခွင့်ပြုပေးထားသည့် ဘဏ္ဍာငွေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိအသုံးချနိုင်ရန်လိုအပ်သည်။ ပြည်သူလူထုအတွက်လိုအပ်သည့် အခြေခံအဆောက်အအုံများ ကောင်းမွန်စေရေး၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဝန်ဆောင်မှုကောင်းမွန်အောင် ဆောင်ရွက်ပေးရာ၌ ခွင့်ပြုပေးထားသောဘဏ္ဍာငွေများကို အလွဲသုံးစားပြုလုပ်ခြင်းမရှိဘဲ အကျိုးရှိရှိအသုံးချသွားရန်လိုသည်။

လုံခြုံရေးပိုင်းဆိုင်ရာကဏ္ဍများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုံခြုံရေးစစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်လျက်ရှိရာတွင် လုံခြုံရေးပိုင်းဆိုင်ရာအရ စစ်ဆေးကြပ်မတ်မှုဖြစ်ရန်သာလိုပြီး ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် လိုသည်။ လုံခြုံရေးအရသော်လည်းကောင်း၊ တရားမဝင်ကုန်စည်စီးဆင်းမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအရသော်လည်းကောင်း စစ်ဆေးဆောင်ရွက်မှုတို့ကို အသိအမှတ်ပြုရမည်ဖြစ်သော်လည်း တရားမဝင်ငွေကြေးကောက်ခံခြင်းမဖြစ်စေရန် တာဝန်ရှိသူများက စနစ်တကျစစ်ဆေးကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများနှင့်လုံခြုံရေးဝန်ထမ်းများအတွက် နိုင်ငံတော်က ဖြစ်သင့်ဖြစ်ထိုက်သည့် လစာနှုန်းထားနှင့် ထောက်ပံ့ကြေးများကို ပေးအပ်ထားပြီးဖြစ်သည်။ ထို့ကြောင့် ငွေကြေးအလွဲသုံးစားပြုလုပ်ခြင်း၊ အဂတိလိုက်စားခြင်း၊ လုပ်ပိုင်ခွင့်အာဏာများကို မလျော်မညီအသုံးချ၍ ငွေကြေးရယူခြင်း၊ ကောက်ခံခြင်းစသည့် မလျော်ကန်မှုများ မပြုလုပ်မိကြရန် လိုအပ်ပေသည်။

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြသော ပြည်သူများအနေဖြင့်လည်း မိမိတို့တစ်ဦးတစ်ယောက် အကျိုးစီးပွား လိုအင်ဆန္ဒဖြင့် လုံခြုံရေးဆောင်ရွက်နေသူများ၊ နိုင်ငံ့ဝန်ထမ်းများကို ငွေကြေးပေးလာဘ်ထိုးခြင်းများဖြင့် မဖျက်ဆီးကြရန်လိုသည်။ လာဘ်ပေးလာဘ်ယူခြင်း၊ ငွေကြေးအလွဲသုံးစားခြင်း၊ လုပ်ပိုင်ခွင့်အခွင့်အရေးများကို မလျော်ညီစွာအသုံးပြုခြင်းတို့သည် အားကောင်းသော နိုင်ငံတော်အစိုးရတစ်ရပ်၏ပုံရိပ်ကို ထိခိုက်ကျဆင်းစေသည့်အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုလည်း ထိခိုက်ပျက်စီးစေနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် လုံခြုံရေးအဖွဲ့အစည်းများ၊ နိုင်ငံ့ဝန်ထမ်းများအားလုံးအနေဖြင့် သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှု၊ ကောင်းမွန်သော ဝန်ဆောင်မှုဖြစ်စေရန် အဂတိတရားကင်းရှင်းစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ကွပ်ကဲသွားရန်လိုသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အရှိန်အဟုန်ကောင်းကောင်းဖြင့် ခိုင်ခိုင်မာမာလျှောက်လှမ်းနေပြီး တိကျခိုင်မာသည့် ဦးတည်ချက်၊ ရည်မှန်းချက်များဖြင့် အကောင်းဆုံးဆောင်ရွက်နေပြီဖြစ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးအနေဖြင့် တာဝန်ယူထားသည့်လုပ်ငန်းများအားလုံး အောင်မြင်စေရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဟန်ဝင်းအောင် | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ သိင်္ဂီမြင့် | ပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၃) | ဦးဉာဏ်ဇော်ဦး | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့်ကာယပညာဦးစီးဌာန<br>အားကစားရေးရာဝန်ကြီးဌာန |
| (၄) | ဦးလှအောင် | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

## တိုက်ကြီးမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ပြည်သူ့စကားဝိုင်းကျင်းပ

**တိုက်ကြီး ဇွန် ၁၀**

တိုက်ကြီးမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပြည်သူ့စကားဝိုင်းကို ဇွန် ၈ ရက်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းသက်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေအောင်လွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ဇာကြည်ဦးတို့က မျက်မှောက်ခေတ် မူးယစ်ဆေးဝါး အမျိုးအစားများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ လူငယ်များ၏ ကိုယ်ကျင့်တရားနှင့် ပညာရေးကဏ္ဍတို့ကို ဦးဆောင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ၁၀ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၆ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၂၀,၀၀၀ | ၂၀,၀၀၀ | ၂,၅၂၁ | ၅၀,၄၂၀,၀၀၀ |
| MTSH | ၉,၉၀၀ | ၁၀,၅၀၀ | ၉,၂၇၈ | ၉၇,၀၆၆,၄၀၀ |
| MCB | ၁၅,၅၀၀ | ၁၆,၅၀၀ | ၆၅၀ | ၁၀,၃၃၀,၀၀၀ |
| FPB | ၈,၆၀၀ | ၈,၄၀၀ | ၁,၈၀၈ | ၁၅,၅၂၂,၁၀၀ |
| TMH | ၃,၇၀၀ | ၃,၇၀၀ | ၈၀၄ | ၂,၉၇၄,၈၀၀ |
| EFR | ၂,၄၀၀ | ၂,၃၀၀ | ၁၆,၁၂၅ | ၃၇,၄၁၁,၈၀၀ |
| AMATA | ၄,၃၀၀ | ၄,၂၀၀ | ၁၈၈ | ၇၉၀,၈၀၀ |
| MAEX | ၆,၉၀၀ | ၆,၉၀၀ | ၆,၈၀၀ | ၄၆,၉၁၈,၀၀၀ |
| MADPL(PLB) | ၈,၆၀၀ | ၈,၅၀၀ | ၁,၈၇၄ | ၁၆,၀၆၉,၀၀၀ |
| ASPGB(PLB) | ၅၃,၀၀၀ | ၅၂,၀၀၀ | ၂၈၈ | ၁၅,၂၆၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **ရှေ့ဖုံးမှ**

ထို့နောက် **ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ ကလေးမြို့နယ် အောင်မေတ္တာရပ်ကွက်(ပြင်သာ)ဆိပ်ကမ်းမှ အင်းကျော်ရွာသို့ မြစ်သာမြစ်ကူး တံတားဆောက်လုပ်ပေးနိုင်ပါရန်အတွက် သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မြစ်သာမြစ်ကူး တံတားသည် ၂၀၁၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး တည်ဆောက်လက်စ တံတားတစ်စင်းဖြစ်ပါကြောင်း၊ ယင်းတံတားသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အပ်နှံပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော် တည်ဆောက်သည့် တံတားဖြစ်ပါကြောင်း၊ လက်ရှိတံတားသည် ၉၃ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါကြောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး တံတားပြီးစီးရန် ဆောင်ရွက်ပါက မြစ်သာမြစ်၏အရှေ့ဘက်ရွာများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ တံတားဆောက်လုပ်ပြီးစီးပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်၍ ပြင်သာဆိပ်ကမ်းမှ မြစ်သာမြစ်ကို ဖြတ်ကူးမည့် တံတားကို ဆက်လက် ဆောင်ရွက်သင့်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ မြစ်သာမြစ်ကူးတံတားနှင့်ဆက်စပ်ပြီး မြို့နယ်ချင်းဆက်လမ်းအဖြစ် ကလေး-မြို့မ-ယာကြီးလမ်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနတို့အနေဖြင့် ဘဏ္ဍာငွေရရှိသည့်အပေါ်မူတည်၍ ဆောင်ရွက်ပေးရန် သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ယခုလမ်းသည် အမှန်တကယ်ဆောင်ရွက်သင့်သည့်လမ်းဖြစ်ပါကြောင်း၊ စီမံချက်ရေးဆွဲဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စီမံချက်ရေးဆွဲပြီးပါက ဆက်စပ်ဆောင်ရွက်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ကွန်ဟိန်းမဲဆန္ဒနယ်မှ စိုင်းကျော်လှ၏ ရှမ်းပြည်နယ် ကွန်ဟိန်းမြို့မှ ကာလိမြို့သို့ ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီးအား ၂၃ ပေ အကျယ်ချဲ့ပြီး နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ပေးပါရန်အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကွန်ဟိန်းမှ ကာလိမြို့သို့ ဆက်သွယ်ထားသည့် လမ်းပိုင်းအတွက် ယခုနှစ် ရရှိရန်ပုံငွေဖြင့် လမ်းပိုင်းပေါ်ရှိ လမ်းပျက်စီးသည့်နေရာများတွင် လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းကိုသာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ကွန်ဟိန်းနှင့် ကာလိလမ်း (၈) မိုင်(၅)ဖာလုံကို တိုးတက်လာမည့် ယာဉ်စီးရေနှင့် လိုက်လျောညီထွေဖြစ်စေမည့် လမ်းအကျယ်ရရှိအောင် စီမံချက်ရေးဆွဲထားပါကြောင်း ပြန်လည်ဖြေကြားသည်။

**မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ မိုင်းခတ်မြို့နယ် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်းမကြီးဖြစ်သော မိုင်းခတ်လမ်းအပိုင်း၌ အကွေ့အကောက်များသော၊ လမ်းကျဉ်းသောနေရာများတွင် ၁၈ ပေ လမ်း ကတ္တရာအဆင့်သို့ တိုးမြှင့်ခင်းပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိ၊ ရှိလျှင်မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းပိုင်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး ယခုနှစ်ရရှိရန်ပုံငွေဖြင့် လမ်းပိုင်းပေါ်ရှိ အကွေ့အကောက်များသည့် မမြင်ကွေ့တစ်နေရာကို လမ်းချဲ့ထွင်ခြင်း၊ ချဲ့သည့်နေရာတွင် မြေသားတာပေါင် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သွားရန် လျာထားပါကြောင်း ပြန်လည်ဖြေကြားသည်။

**ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ တပ်ကုန်းမြို့နယ်ရှိ သပြေချောင်းကျေးရွာမှ ရွှေမြို့ကျေးရွာသို့ ဆက်သွယ်သော ရွှေမြို့တံတား (ဆင်သေချောင်းကူးတံတား) အား ရေတို၊ ရေရှည် အစီအမံများချမှတ်၍ တံတားရေထိန်းနံရံအပါအဝင် ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးခင်မောင်လတ်က ရွှေမြို့တံတား ဆင်သေချောင်းကူးတံတား တည်ဆောက်ရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရွှေမြို့ကျေးရွာအဝင် ပေ ၄၀၀ အရှည် ဘေလီတံတားတည်ဆောက်ခြင်းလုပ်ငန်းကို စီမံကိန်းတန်ဖိုးငွေကျပ် ၂၂၂၅ ဒသမ ၀၀ သန်းရှိသည့်အနက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၈၀၀ ဒသမ ၀၀ သန်းဖြင့် ဘေလီသံပေါင်ပစ္စည်းများကို ဝယ်ယူစုဆောင်းပြီးဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၄၂၅ ဒသမ ၀၀ သန်းဖြင့် အရှည်ပေ ၄၀၀၊ အကျယ် ၁၃ ပေ ဘေလီတံတား (ပထမပိုင်း) တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရာဂီမုန်တိုင်းအတွင်း ချောင်းရေတိုက်စားပြီး ကမ်းပါးပြိုကျမှုများကြောင့် မူလသတ်မှတ်ထားသည့် တံတားအရှည် ပေ ၄၀၀ အား အရှည်ပေ ၉၅၀ ဆောင်ရွက်ရမည်ဖြစ်သဖြင့် ထပ်မံဆောင်ရွက်ရမည့် တံတားတည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ နှစ်ဆက်လုပ်ငန်းအဖြစ် ဆက်လက်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆင်သေချောင်းကူး (ရွှေမြို့ကျေးရွာအဝင်) တံတား တည်ဆောက်ပြီးစီးပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရွှေမြို့တံတားရေလမ်း၏ ရေထိန်းနံရံအပါအဝင် ရေလမ်းကြောင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ဆင်သေချောင်း ကွင်းဆင်းတိုင်းတာစစ်ဆေးရေးအဖွဲ့၏ တင်ပြချက် Master Plan ပါ အစီအမံများအရ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေတွင် တင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**တွံတေးမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ တွံတေးမြို့နယ် စည်ပင်ဈေးကြီးအား ခရိုင်အဆင့်မြင့်ဈေးကြီးတစ်ခု အဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိအား သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အဆိုပါ ဈေးရုံကြီးအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအနေဖြင့် အလျား ၈၁ ပေ၊ အနံ ၃၇ ပေ၊ အမြင့် ပေ ၂၀ ဈေးရုံ နှစ်ရုံ အဆင့်မြှင့်တင်ဆောက်လုပ်ခြင်းအတွက် ၁၇၉ ဒသမ ၈၂ ကျပ်သန်းဖြင့်လည်းကောင်း၊ အလျား ၁၆၈ ပေ၊ အနံ ၃၄ ပေ၊ အမြင့် ပေ ၂၀ သားငါးတန်းဈေးရုံ အဆင့်မြှင့်တင် တည်ဆောက်ခြင်းအတွက် ၃၄၂ ဒသမ ၇၂ ကျပ်သန်းဖြင့်လည်းကောင်း စုစုပေါင်း ၅၂၂ ဒသမ ၅၄ ကျပ်သန်း အသုံးပြု၍ ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တွံတေးမြို့မဈေး အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ပါဝင်ခြင်းမရှိသော်လည်း လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဒေသန္တရစီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီး ရန်ပုံငွေလျာထားတောင်းခံကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့အတူ **ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မှ လှိုင်သာယာ သွားလမ်းမကြီး အနောက်ဘက် အလင်းနေ့စားသောက်ဆိုင်မှ ရခိုင်ရိုးကြီးချောင်းပေါက်အထိ အလျားပေ ၅၅၀၊ အနံ ခြောက်ပေ၊ အနက် ငါးပေ၊ ကွန်ကရစ်ရေနုတ်မြောင်း တစ်ခုအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းလျာထားချက်များ ပါဝင်ခြင်းမရှိသဖြင့် ယခုနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်ရေမြောင်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ဒေသန္တရစီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီး လုပ်ငန်းလျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကိုလွှတ်တော်၏အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ကော်မတီဥက္ကဋ္ဌအဖြစ် မကွေးမဲဆန္ဒနယ်မှ ဦးစိုးတင့်နိုင်၊ အတွင်းရေးမှူးအဖြစ် မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာ ကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကတောင်သူလယ်သမားရေးရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှ ဦးမြတ်ကျော်နှင့် အတွင်းရေးမှူးအဖြစ် လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းဌေးတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်းနှင့် အတွင်းရေးမှူးအဖြစ် ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ဇဟန်းမဲဆန္ဒနယ်မှ ဒေါက်တာ လှတင့်နှင့် အတွင်းရေးမှူးအဖြစ် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်တွင်း/ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်း/ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဦးတင့်ဝေနှင့် အတွင်းရေးမှူးအဖြစ် ပြည်ကြီးတံခွန် မဲဆန္ဒနယ်မှ ဦးအောင်နိုင်ဦးတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို ဇွန် ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❐ **မင်းလှမြို့နယ်မှ**

ဆရာ ဆရာမများအဖွဲ့နှင့် မင်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ စန်းစန်းမိုးနှင့် ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်နေ အသက်(၄၀) နှစ်အထက် ပြည်သူ ၁၄၂ ဦးနှင့် သပြေတောကျေးရွာနေ အသက်(၄၀)နှစ်အထက် ပြည်သူ ၅၃ ဦးတို့အား သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ အတွင်းတိမ်နှင့်မျက်စိရောဂါ အခမဲ့စမ်းသပ်စစ်ဆေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ရာ မြို့ပေါ်ရပ်ကွက်နေ အတွင်းတိမ်သံသယလူနာ ၅၃ ဦးနှင့် သပြေတောကျေးရွာနေ အတွင်းတိမ် သံသယလူနာ ၁၁ ဦး စစ်ဆေးတွေ့ရှိခဲ့သည်။ အဆိုပါ အတွင်းတိမ်သံသယလူနာစုစုပေါင်း ၆၄ ဦးအား သီတဂူမြင့်မိုရ်စက္ခုဒါနဆေးရုံ မကွေးမြို့သို့ အတွင်းတိမ် အခမဲ့ထပ်မံစစ်ဆေးခြင်း၊ ဆေးကုသပေးခြင်းတို့ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**




❍ **ညောင်ဦးမြို့နယ်မှ**

ထိုသို့ လှူဒါန်းပေးရာတွင် ဖြူစင်မေတ္တာနှင့်သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား အသင်းသူများက ညောင်ဦးမြို့နယ် ညောင်လှကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၆၄၀၀၊ စံပြကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၆၄၀၀၊ ပြွန်ကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၆၄၀၀၊ ဒါန်းကျင်းကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၉၆၀၀ တို့ကို ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၁၀**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လီဆူ၊ ကယန်း၊ ကရင်ဖြူ၊ လိုင်ချင်း၊ အရှိုချင်း၊ ဒါးရင်ဒူး၊ မွန်၊ ရခိုင်၊ သျှမ်းနှင့် ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ရာ အားလုံးအတူတကွ လက်တွဲပြီး တိုင်းရင်းသားများအတွက် ရေးရှည် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ဒုတိယဝန်ကြီးက အသင်းအဖွဲ့များ၏ ဒေသဖွံ့ဖြိုးရေး၊ အသင်းအဖွဲ့မှတ်ပုံတင်ရေး၊ တိုင်းရင်းသားစာပေဖော်ထုတ်ရေး၊ တိုင်းရင်းသားဘာသာစာပေသင်(TA/LT) ဆရာ ဆရာမများ ခန့်ထားရေးနှင့် သက်မွေးပညာသင်တန်းများ တက်ရောက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း အဖွဲ့ ၁၀ ဖွဲ့အား ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နျူကလီးယားစွမ်းအင်အစီအစဉ် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့၏ တာဝန်နှင့်ဝတ္တရားများဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၁၀**

နျူကလီးယား စွမ်းအင် အကောင်အထည်ဖော်ရေးလုပ်ငန်းအစီအစဉ်ကို အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီ (IAEA)၏ ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နျူကလီးယားစွမ်းအင်အစီအစဉ် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ (Nuclear Energy Programme Implementing Organization-NEPIO)၏ တာဝန်နှင့် ဝတ္တရားများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လှဲ့လှဲ့သိန်း၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ(IAEA) ၏ နည်းပညာရှင်များ ဖြစ်သည့် Mr. Vsevolod IGIN၊ Mr. Zeki Mehmet BASKURT နှင့် Mr. Muhammad AYUB၊ ဝန်ကြီးဌာနများမှ ပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် IAEA မှ တာဝန်ရှိသူက နျူကလီးယားစွမ်းအင်ဆိုင်ရာ အမျိုးသားအဆင့် မူဝါဒရပ်တည်ချက်တည်ဆောက်ခြင်းနှင့်အလုံးစုံပြည့်စုံသော အစီရင်ခံစာပြုစုတင်ပြခြင်း၊ နျူကလီးယားစွမ်းအင်အစီအစဉ် အကောင်အထည်ဖော်ဆောင်ရေး အဖွဲ့၏ တာဝန်ဝတ္တရားများနှင့် လုပ်ဆောင်ချက်များ၊ နျူကလီးယားစွမ်းအင်ဆိုင်ရာ နိုင်ငံတကာ အတွေ့အကြုံများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲကို ဇွန် ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု ကြည့်ရှုအားပေး

**စစ်တွေ ဇွန် ၁၀**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီးတို့သည် ယနေ့နံနက်ပိုင်းတွင် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှု၊ စာသင်ခန်းများအားလုံး အမိုးအကာလုံခြုံရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအတွက် ထီးများပေးအပ်သည်။

ထို့နောက် သင်္ကေပြင်ရွာမ ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၊ သာယာကုန်း ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် သင်္ဂနက်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု၊ စာသင်ခန်းများအားလုံး အမိုးအကာလုံခြုံရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ကျောင်းဝင်းအတွင်း အားကစားကွင်းဆောင်ရွက်ပေးရေးနှင့် အားကစားပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အုန်းတောကြီး IDP စခန်းနှင့် အနီးပတ်ဝန်းကျင် IDP စခန်းများမှ အသက်(၁၅)နှစ်အောက် ကလေးငယ်များအား မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးနေမှုကိုလှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





# ကရင်ပြည်နယ်ဝန်ကြီးချုပ် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက်ပေးအပ်

**ဘားအံ ဇွန် ၁၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဘားအံမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများ၏ လက်ဝယ်အရောက် ပေးအပ်ကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘားအံမြို့နယ် ဦးစီးမှူးရုံးအနေဖြင့် အသက်(၁၈)နှစ်နှင့်အထက် ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်များကို မေ ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်အထိလည်းကောင်း၊ အခြေခံပညာကျောင်းများရှိ အသက်(၁၀)နှစ်အထက် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဇွန် ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ လည်းကောင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကာ ယနေ့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၂၅၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၁၀**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA–S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ဆက်လက်ကျင်းပပြုလုပ်သည်။



**တက်ရောက်**

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ (NMSP)ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ NCA–S EAOs အဖွဲ့များ၏ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ ပထမရက်တွင် ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည်များကို ဆွေးနွေးပြီး ဆက်လက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(ငြိမ်း)က နိုင်ငံရေးပါတီများ အစုအဖွဲ့နှင့် ညှိနှိုင်းရရှိထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက် (EAOs များနှင့် ညှိနှိုင်းရရှိသည့် ၂၁ ချက် အပါအဝင်) အား လွှတ်တော်တွင် တင်သွင်းဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းရရှိမှုများအား မှတ်တမ်းတင် ဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်မှုဆိုင်ရာ သဘောထားရည်မှန်းချက်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့် ဆောင်ရွက်ရေး၊ ထိရောက်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်မြောက်ရေးအတွက် နှစ်ဖက် ပူးပေါင်းဆောင်ရွက်ပြီး NCA ပါ သဘောတူညီချက်များကို အတူတကွ ပူးတွဲအကောင်အထည်ဖော်နိုင်ရေး၊ NCA လမ်းကြောင်းမှ ထွက်ခွာသွားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို နားလည်လက်ခံပြီး NCA လုပ်ငန်းစဉ်များတွင် ပြန်လည်ပါဝင်လာနိုင်စေရေး၊ ရွေးကောက်ခံ အစိုးရသစ်လက်ထက်တွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖော်ဆောင်ပေးရေး၊ ပြောင်းလွယ်ပြင်လွယ်ရှိသည့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးကိစ္စ၊ ငြိမ်းချမ်းရေးမူဝါဒ၊ လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးယန္တရားများကိစ္စ၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများအား ပြည်သူများထံ ထိရောက်စွာ ရောက်ရှိခံစားနိုင်ရေး၊ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ မပါသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကြေညာချက်ထုတ်ပြန်နိုင်ရေး၊ တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ ၆ ရပ်နှင့် လက်နက်ကိုင်လမ်းစဉ်မှ အသွင်ကူးပြောင်းလိုပါက ထာဝရငြိမ်းချမ်းရေးအတွက် မူဝါဒ ၄ ရပ် ဖြင့် ဆောင်ရွက်နိုင်ရေး၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားတိုက်ဖျက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်သုံးသပ်ခြင်း(Peace Process Review) ဆောင်ရွက်နိုင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စတို့အား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးချက်များမှ ရှေ့ဆက်လက်ဆောင်ရွက်သွားနိုင်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နှစ်ရက်တာဆွေးနွေးညှိနှိုင်းချက်များအရ ညှိနှိုင်းရရှိချက်များအား မှတ်တမ်းတင်လက်မှတ်ရေးထိုးကြပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ(NCA–S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြား၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၀-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၉၄၈,၃၀၁.၄၉ | ၆,၂၆၄,၄၇၄.၅၁ | ၁၇၄,၅၃၆.၀၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ ၊ စက်သုံးဆီ ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ တိရစ္ဆာန် အစာ၊ ဂျုံ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၈ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**



## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**တောင်ကြီး ဇွန် ၁၀**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်အားကစား လေ့ကျင့်ရုံ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အဖွင့်အမှာစကားပြောကြားကြပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးရာ ပြိုင်ပွဲဝင်အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန် လေးချက် ရွတ်ဆိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာတပ်ဖွဲ့၊ ကိန္နရီ ကိန္နရာ၊ တိုးနရားအဖွဲ့၊ ပညာရေးဒီဂရီကောလိပ်အဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး အမျိုးသားပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

■

## တိုက်ကြီးမြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ထုတ်ပေး

**တိုက်ကြီး ဇွန် ၁၀**

တိုက်ကြီးမြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မေတ္တာအေးကျေးရွာရှိ အောင်မြင့်မိုရ် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသူအောင်က အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးက ကျေးရွာပြည်သူများ၏ နေထိုင်မှုဘဝ အာမခံချက်ရှိစေရန်နှင့် မြေယာစီမံခန့်ခွဲမှု စနစ်တကျရှိစေရန် ရည်ရွယ်၍ ကျေးရွာမြေငှားဂရန် ထုတ်ပေးရခြင်း ဖြစ်ကြောင်း ပြောကြားကာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာမြေငှားဂရန်များကို ကျေးရွာပြည်သူများ၏ တစ်ဦးချင်း လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအရာရှိများ၏ ကျင့်ဝတ်သိက္ခာစောင့်ထိန်းမှု

ဥပဒေအရာရှိတစ်ဦး

**နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းရေးတို့ကို နိုင်ငံတော်အစိုးရက ဘက်စုံထောင့်စုံမှ ဖော်ဆောင်လျက်ရှိရာ တရားဥပဒေစိုးမိုးရေး(Rule of Law)သည် အဓိကကျသော မောင်းနှင်အားဖြစ်ပါသည်။ ထိုသို့တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေအရာရှိများသည် မရှိမဖြစ်အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။**

သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ပေါ်ထွန်းလာစေရန် ပြည်သူလူထုက မျှတသော တရားစီရင်ရေးနှင့် မှန်ကန်သော ဥပဒေစနစ်အပေါ် ယုံကြည်ကိုးစားမှု (Public trust) ရှိခြင်းသည် အထူးလိုအပ်လှသည်။ ပြည်သူ့ယုံကြည်မှုကို တည်ဆောက်ရာတွင် "ဥပဒေပညာသည် အကျင့်သိက္ခာနှင့် ပြည့်စုံသောပညာဖြစ်သည်"ဟူသော ဥပဒေရေးရာဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ ဥပဒေအရာရှိများ၏ စောင့်ထိန်းအပ်သည့် ကိုယ်ကျင့်သိက္ခာနှင့် ကျင့်ဝတ်စံနှုန်းများ သိရှိနားလည်မှုနှင့် လိုက်နာစောင့်ထိန်းမှုများ မြှင့်တင်ရေးသည် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူ၏ ဥပဒေယုံကြည်ချက်တည်ဆောက်ရာ၌ အခြေခံအကျဆုံးအုတ်မြစ်ဖြစ်ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန (ယခင်ပြည်ထောင်စုရှေ့နေချုပ်ရုံး)က ပြဋ္ဌာန်းခဲ့သည့် **ဥပဒေအရာရှိကျင့်ဝတ် (Code of Ethics for Law Officers)**သည် အောက်ပါအဓိကရည်ရွယ်ချက်များဖြင့် ပေါ်ထွက်လာခြင်းဖြစ်သည်-

(၁) ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံပြီး အများပြည်သူ ယုံကြည်အားကိုးရသော ဥပဒေအရာရှိများ ဖြစ်စေရန်၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရာရှိများ ဖြစ်စေရန်၊

(၃) ဖြောင့်မတ်မှန်ကန်၍ မျှတသောတရားစီရင်ရေးစနစ် ဖြစ်ထွန်းလာစေရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူ ဖြစ်စေရန်၊

(၄) ပြည်သူလူထု၏ အကျိုးစီးပွားကို အဂတိတရားကင်းရှင်းစွာ ဖော်ဆောင်၍ တရားမျှတမှု၊ သာတူညီမျှရရှိရေးကို အထောက်အကူပြုသည့် ဥပဒေအရာရှိများဖြစ်စေရန်၊

(၅) အရည်အသွေးနှင့် အရည်အချင်းမြင့်မားပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ဥပဒေအရာရှိများ ဖြစ်စေရန်။

ထို့ပြင် ဥပဒေအရာရှိကျင့်ဝတ်တွင် အခြေခံမှုများဖြစ်သော -

(၁) ရာထူးနှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်၍ ကိုယ်ကျင့်တရား ကောင်းမွန်စွာ ရပ်တည်မည့် ရိုးသားဖြောင့်မတ်ခြင်း (Integrity)၊

(၂) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဩဇာလွှမ်းမိုးမှုမခံဘဲ အဂတိတရားကင်းရှင်းစွာ မည်သူ့ကိုမဆို ဘက်လိုက်မှုကင်း၍ တရားမျှတစွာ ဆောင်ရွက်ခြင်း (Impartiality)၊

(၃) တည်ဆဲဥပဒေများကို လေးစားလိုက်နာ၍ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ခြင်း(Propriety)၊

(၄) လူမျိုး၊ ဘာသာ၊ လိင်နှင့် ရာထူးအဆင့်အတန်း မခွဲခြားဘဲ တရားဥပဒေ၏ အကာအကွယ်ကို အညီအမျှရရှိစေမည့် တန်းတူညီမျှရှိခြင်း(Equality)၊

(၅) မိမိရာထူးနှင့်လျော်ညီသော ပညာရပ်ဆိုင်ရာ ဗဟုသုတကို စဉ်ဆက်မပြတ် လေ့လာရမည့် အရည်အချင်းနှင့် လုံ့လဝီရိယ ရှိခြင်း(Competence and Diligence)၊

(၆) ဌာနတွင်း အပြန်အလှန်လေးစားမှုရှိစွာ တရားဥပဒေနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း(Responsibility and Account–ability)ဟူသော အဓိကမဏ္ဍိုင်ကြီးများ သတ်မှတ်ထားပြီး ဥပဒေအရာရှိများကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

နိုင်ငံတော်သမ္မတ၏ "နိုင်ငံသားတိုင်း ဥပဒေ၏ အကာအကွယ်ကို အညီအမျှရရှိစေရမည်"ဟူသည့် လမ်းညွှန်ချက်ကို အထူးအလေးပေးပြီး ယခုအခါ ဥပဒေအရာရှိကျင့်ဝတ်ကို ပိုမိုလေးစားလိုက်နာမှုအားကောင်းစေရေးအတွက် ဥပဒေအရာရှိကျင့်ဝတ်များကို "အသိပညာပေးခြင်း" အဆင့်မှ "လိုက်နာစေရန် ထိန်းကျောင်းဆောင်ရွက်ခြင်း" အဆင့်သို့ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ဥပဒေရေးရာဝန်ကြီးဌာန (Ministry of Legal Affairs–MOLA)သည် ဥပဒေအရာရှိများ၏ ကျင့်ဝတ်လိုက်နာမှု အခြေအနေများကို ပိုမိုအားကောင်းခိုင်မာလာစေရန် ရည်ရွယ်၍ အဆင့်မြင့်အရာရှိကြီးများမှစ၍ အရာရှိငယ်များအထိ ပါဝင်သော ဥပဒေအရာရှိ ကျင့်ဝတ်လိုက်နာရေး အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းမှုများကို မေလ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်နေ့များတွင် ဆောင်ရွက်ခဲ့ပါသည်။

၎င်းတွေ့ဆုံမေးမြန်းမှုများမှ ထွက်ပေါ်လာသည့် အဖိုးတန်အမြင်များ၊ သုံးသပ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ပြည်သူလူထုနှင့် ဥပဒေလောကသားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် အမေး၊ အဖြေပုံစံဖြင့် စိတ်ဝင်စားဖွယ် ထုတ်နုတ်ဖော်ပြပေးလိုက်ရပါသည်။

**(၁) ဥပဒေအရာရှိကျင့်ဝတ်များ သိရှိနားလည်မှုနှင့် လက်တွေ့ကျင့်သုံးမှုအခြေအနေ**

**မေး ။** ။ ပထမဦးဆုံးအနေနဲ့ ဥပဒေအရာရှိကျင့်ဝတ်တွေကို စောင့်ထိန်းလိုက်နာမှုပိုမိုအားကောင်းလာစေဖို့လက်ရှိမှာ ဝန်ကြီးဌာနအတွင်း အရာရှိတွေ လက်တွေ့ကျင့်သုံးနေတဲ့နည်းလမ်းတွေကို သိပါရစေ။

> **❝ဥပဒေအကြံဉာဏ်ပေးခြင်း၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်း ဆောင်ရွက်ခြင်းတို့တွင် နစ်နာသူတို့ ဥပဒေအရ ရထိုက်ခွင့်ရှိသော အခွင့်အရေးများ မဆုံးရှုံးစေရေးတို့အတွက် တည်ဆဲဥပဒေနှင့်အညီ မှန်ကန်စွာဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းများတွင်လည်း ရာထူးနှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာခြင်း၊ အဂတိလိုက်စားမှုမှ ရှောင်ကြဉ်ခြင်းဖြင့် အမှန်တရားပေါ်ပေါက်စေပြီး အများပြည်သူက ယုံကြည်ကိုးစားမှုရရှိစေရေးကို အလေးထားဆောင်ရွက်❞**

**ဖြေ ။** ။ လက်ရှိမှာ ဝန်ကြီးဌာနအနေနဲ့ ဥပဒေအရာရှိကျင့်ဝတ်ရဲ့ ရည်ရွယ်ချက်တွေဖြစ်တဲ့ ပြည်သူလူထု ယုံကြည်အားကိုးတဲ့ ဥပဒေအရာရှိများ ဖြစ်စေရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့ အခွင့်အရေးကို ဥပဒေနဲ့အညီ ကာကွယ်စောင့်ရှောက်ရေးနဲ့ ဖြောင့်မတ်မှန်ကန်တဲ့ တရားစီရင်ရေးစနစ် ဖြစ်ထွန်းလာစေရေးတို့ကို အဓိက ဦးတည်လုပ်ဆောင်နေပါတယ်။ လက်တွေ့ကျင့်သုံးမှုအနေနဲ့ကတော့ ဥပဒေအရာရှိ တစ်ဦးချင်းစီရဲ့ ရုံးလုပ်ငန်းခွင်အတွင်း နေ့စဉ်ဆောင်ရွက်ချက်တွေမှာ ကျင့်ဝတ်ပါ အခြေခံမှုတွေဖြစ်တဲ့ ရိုးသားဖြောင့်မတ်ခြင်း၊ ဘက်လိုက်မှုကင်းခြင်းတွေကို အခြေခံဆောင်ရွက်ပါတယ်။ ဥပဒေအကြံဉာဏ်ပေးတဲ့အခါမှာ ခိုင်မာတဲ့ အထောက်အထား၊ ဥပဒေပြဋ္ဌာန်းချက်တွေအပေါ်မှာပဲ မှန်ကန်စွာ စဉ်းစားတွေးခေါ်ပြီး အဂတိတရားကင်းကင်းနဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်တဲ့ အလေ့အထကို လက်ဆင့်ကမ်းအကောင်အထည်ဖော်နေကြပါတယ်။

**မေး ။** ။ အရင်က အခြေအနေတွေနဲ့ နှိုင်းယှဉ်ရင် အခုမျက်မှောက်ခေတ်ကာလမှာ အရာရှိတွေရဲ့ ဥပဒေအရာရှိကျင့်ဝတ်လိုက်နာမှု အဆင့်အတန်း ဘယ်လောက်အထိ တိုးတက်ပြောင်းလဲလာတယ်လို့ သုံးသပ်မိပါသလဲ။

**ဖြေ ။** ။ အကယ်၍ အရင်က ဥပဒေအရာရှိကျင့်ဝတ်လိုက်နာမှုအဆင့်ကို အဆင့်(၁)ကနေ (၁၀) အတွင်း သတ်မှတ်မယ်ဆိုရင် အရင်ကာလတွေက အဆင့်(၅) ဒါမှမဟုတ် (၆) ဝန်းကျင်မှာ ရှိခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးဌာနရဲ့ စဉ်ဆက်မပြတ် ကြီးကြပ်မှု၊ သင်တန်းတွေ ပေးနိုင်မှုကြောင့် အခုအချိန်မှာတော့ အဆင့်(၈) ဝန်းကျင်အထိ သိသိသာသာတိုးတက်ပြောင်းလဲလာတယ်လို့ ယူဆပါတယ်။ အထူးသဖြင့် အရာရှိငယ်တွေကြားထဲမှာ မိမိတို့ရဲ့ ဂုဏ်သိက္ခာ၊ ဝန်ကြီးဌာနရဲ့ ပုံရိပ်အတွက် မဖြစ်မနေလိုက်နာရမယ်ဆိုတဲ့ အသိစိတ်ဓာတ် ပိုမိုမြင့်မားလာတာကို တွေ့ရပါတယ်။

**(၂) လုပ်ငန်းခွင်တွင် တာဝန်ယူမှုနှင့် တာဝန်ခံမှုဆိုင်ရာ တိုးတက်ပြောင်းလဲလာသည့် အခြေအနေ**

**မေး ။** ။ ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ အချက်အလက်တွေထဲမှာ ဥပဒေအရာရှိတွေအနေနဲ့ ဘယ်အချက်တွေကို ပိုပြီး အလေးထား လိုက်နာကြတာကို တွေ့ရပါသလဲ။

**ဖြေ ။** ။ အဓိကတွေ့ရတာကတော့ အခြေခံမှု ခြောက်ချက်ထဲက "ရိုးသားဖြောင့်မတ်ခြင်း" နဲ့ "တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း" အချက်တွေကို ပိုမိုအလေးထားလာကြပါတယ်။ "ရိုးသားဖြောင့်မတ်ခြင်း" အခြေခံမှုပါ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်စွာဆောင်ရွက်ခြင်း၊ ရာထူးနှင့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမပြုခြင်း၊ ရုံးတံဆိပ်၊ အမှတ်အသားများကို အလွဲသုံးစားမပြုခြင်း၊ ရုံးအသုံးအဆောင်၊ ဌာနပိုင်ပစ္စည်းများကို မိမိပိုင်ပစ္စည်းကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ခြင်းနဲ့ ရာထူးအဆင့်နဲ့လျော်ညီစွာ ပြောဆိုကျင့်ကြံနေထိုင်ခြင်းတွေကို အရာရှိကြီးတွေကရော အရာရှိငယ်တွေကပါ အထူးဂရုပြုဆောင်ရွက်နေကြတာ တွေ့ရပါတယ်။

ဒါ့အပြင် "တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း" ဆိုတဲ့အတိုင်း မိမိကိုပေးအပ်လာတဲ့ တာဝန်ကို ဌာနရဲ့ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနဲ့အညီ လျှို့ဝှက်ချက်များ မပေါက်ကြားအောင် ထိန်းသိမ်းပြီး တာဝန်ယူဆောင်ရွက်ခြင်း၊ ဒီလိုဆောင်ရွက်ရာမှာ ဖြစ်ပေါ်လာတဲ့ အကောင်းအဆိုးကိုလည်း တာဝန်ခံမှုရှိစွာဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းတွေကို ဆောင်ရွက်နေကြပါတယ်။

**(၃) စိန်ခေါ်မှုများနှင့် တားဆီးကာကွယ်ရေး ယန္တရားများ**

**မေး ။** ။ ဥပဒေအရာရှိကျင့်ဝတ် ဖောက်ဖျက်မှုတွေကို ထိထိရောက်ရောက် ဟန့်တားနိုင်ဖို့ လက်ရှိစစ်ဆေး အရေးယူနေတဲ့ စနစ်အပြင် နောက်ထပ်ဘာတွေ ဖြည့်စွက်လုပ်ဆောင်သင့်တယ်လို့ မြင်ပါသလဲ။

**ဖြေ ။** ။ လက်ရှိ စစ်ဆေးအရေးယူမှုတွေက ထိရောက်မှုရှိသလို နောက်ထပ်ဖြည့်စွက်ရမှာကတော့ တိုင်ကြားစာတွေအပေါ် လျင်လျင်မြန်မြန်နဲ့ ဘက်လိုက်မှုကင်းကင်း စုံစမ်းစစ်ဆေးမယ့် အမှီအခိုကင်းတဲ့ ကော်မတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခု ပိုမိုအားကောင်းလာဖို့ ဖြစ်ပါတယ်။ တိုင်ကြားသူကို လုံခြုံမှုရှိစေဖို့ နည်းလမ်းတွေ၊ မမှန်မကန်တိုင်ကြားရင်လည်း အရေးယူမယ့်နည်းလမ်းတွေ ထည့်သွင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြစ်ဒဏ်ပေးတာ သက်သက်သာမဟုတ်ဘဲ မဖောက်ဖျက်မိအောင် ကြိုတင်တားဆီးတဲ့(Preventive measures)အနေနဲ့ ကျင့်ဝတ်ဆိုင်ရာ ဆွေးနွေးပွဲတွေကို ပုံမှန်လုပ်ပေးဖို့ လိုအပ်ပါတယ်။

**မေး ။** ။ လုပ်ငန်းခွင်အတွင်းမှာ ဥပဒေအရာရှိကျင့်ဝတ်နဲ့ မညီညွတ်တဲ့ လုပ်ဆောင်မှုတွေ တွေ့ရှိခဲ့ရင် ဒါမှမဟုတ် သိရှိခဲ့ရင် ဘယ်လိုပုံစံမျိုးနဲ့ အသိပေးတိုင်ကြားတာက ပိုပြီးထိရောက်မှုရှိမယ်လို့ ယူဆပါသလဲ။

**ဖြေ ။** ။ အလုပ်ခွင်မှာ ကျင့်ဝတ်ပျက်ယွင်းတာတွေ့ရင် အမည်မဖော်လိုတဲ့ လျှို့ဝှက်တိုင်ကြားနိုင်တဲ့စနစ် (Confidential Reporting/ Whistleblowing system)က အထိရောက်ဆုံး ဖြစ်ပါလိမ့်မယ်။ တိုင်ကြားသူရဲ့ လုံခြုံရေးကို ရာနှုန်းပြည့်အာမခံချက်ပေးနိုင်မယ်ဆိုရင် ပိုပြီးပွင့်လင်းမြင်သာလာမှာဖြစ်သလို ဝန်ကြီးဌာနရဲ့ အွန်လိုင်း Complaint Portal တွေကတစ်ဆင့် တိုက်ရိုက်အသိပေးနိုင်တဲ့ပုံစံမျိုးက ပိုမိုထိရောက်မြန်ဆန် စိတ်ချရပါလိမ့်မယ်။

**(၄) မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု**

**မေး ။** ။ ဥပဒေရေးရာဝန်ကြီးဌာနဟာ ရဲတပ်ဖွဲ့၊ တရားရုံး စတဲ့ မိတ်ဖက်ဌာနဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလုပ်ကိုင်ရတာဖြစ်ပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်တဲ့အခါ ဥပဒေအရာရှိတွေဘက်က ဥပဒေအရာရှိကျင့်ဝတ်ကို တိတိကျကျ လိုက်နာခြင်းအားဖြင့် ဌာနအချင်းချင်း ယုံကြည်မှုနဲ့လေးစားမှုကို ဘယ်လိုတိုးတက်ကောင်းမွန်လာစေနိုင်မလဲ။

**ဖြေ ။** ။ အဓိကကတော့ ဥပဒေအရာရှိတွေဘက်က ဥပဒေအရာရှိကျင့်ဝတ်ကို စံပြအနေနဲ့ လိုက်နာပြခြင်းအားဖြင့် အခြားမိတ်ဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ တရားစွဲအဖွဲ့အစည်းနဲ့ တရားရုံးတွေကပါ အပြန်အလှန်လေးစားမှု ပိုရှိလာမှာပါ။

စာမျက်နှာ ၇ သို့ ✪

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇွန် ၁၀

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ တိုင်းဒေသကြီး၊ ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း၊ ပြည်သူကိုယ်တိုင်စီမံခန့်ခွဲသော စီမံကိန်းများ ဖြစ်စေရေး စည်းရုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် UNICEF(ယူနီဆက်ဖ်)မှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Yasumasa Kimura အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး **"ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်"** ကို ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် အစီအစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မွန်ပြည်နယ်ဥပဒေချုပ်ရုံး၌ ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

မော်လမြိုင် ဇွန် ၁၀

ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ ဆွေးနွေးပွဲကို မွန်ပြည်နယ် ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မွန်ပြည်နယ်ဥပဒေချုပ် ဒေါ်မိသန္တာမြင့်၊ မွန်ပြည်နယ်ဥပဒေအရာရှိနှင့် မွန်ပြည်နယ်အတွင်းရှိဥပဒေအရာရှိများ တက်ရောက်ကြသည်။

ဦးစွာ မွန်ပြည်နယ်ဥပဒေချုပ်က ဥပဒေအရာရှိများအနေဖြင့် ဥပဒေအရာရှိကျင့်ဝတ်များကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကကျသော ပြည်သူများ၏ ယုံကြည်ချက်ကို မလွဲမသွေရရှိမည်ဖြစ်ကြောင်း ပြောကြားပြီး မွန်ပြည်နယ်ဥပဒေအရာရှိနှင့် မွန်ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများက ဥပဒေအရာရှိကျင့်ဝတ်ပါအချက်များနှင့်စပ်လျဉ်း၍ အချက်တစ်ချက်ချင်းအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ရမည်းသင်းမြို့၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကွင်းဆင်းဆောင်ရွက်

ရမည်းသင်း ဇွန် ၁၀

မန္တလေးတိုင်း ဒေသကြီး ရမည်းသင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရမည်းသင်းမြို့နယ် ဦးစီးမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းကို ဇွန် ၈ ရက်က ရမည်းသင်းမြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကွင်းဆင်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ဆောင်ရွက်ရာတွင် ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိန်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ရမည်းသင်းခရိုင်ဦးစီးမှူး ဦးစိုးမြင့်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**ကိုဇော်(ရမည်းသင်း)**

❂ စာမျက်နှာ ၆ မှ

တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ ဥပဒေနဲ့အညီ မှန်မှန်ကန်ကန် ရပ်တည်ပြမယ်ဆိုရင် အပြန်အလှန်ယုံကြည်မှု (Mutual Trust) တိုးတက်လာပြီး လုပ်ငန်းကိစ္စတွေ ပိုမိုချောမွေ့မြန်ဆန်လာမှာ ဖြစ်ပါတယ်။

**(၅) မျိုးဆက်သစ် ဥပဒေအရာရှိများ၏ သဘောထားနှင့် မျှော်လင့်ချက်များ**

မေး ။ ။ အခုလို တွေ့ဆုံမေးမြန်းမှုတွေထဲမှာ ဝန်ကြီးဌာနရဲ့ အနာဂတ်ကိုပုံဖော်ကြမယ့် မျိုးဆက်သစ်အရာရှိငယ်တွေရဲ့ ဥပဒေအရာရှိ ကျင့်ဝတ်အပေါ် နားလည်သဘောပေါက်မှုက ဘယ်လိုရှိပါသလဲ။

ဖြေ ။ ။ အရာရှိငယ်တွေကတော့ ဥပဒေအရာရှိကျင့်ဝတ်နဲ့ ပတ်သက်ပြီး နားလည်သဘောပေါက်မှုအားကောင်းကြတာကို တွေ့ရပါတယ်။ သူတို့အနေနဲ့ အလွတ်ကျက်မှတ်ရုံတင်မဟုတ်ဘဲ လက်တွေ့လုပ်ငန်းခွင်မှာ ကိစ္စရပ်တွေကြုံလာရတဲ့အခါ ဥပဒေအရာရှိ ကျင့်ဝတ်ကို အခြေခံပြီး ရိုးသားဖြောင့်မတ်စွာနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိ ဆောင်ရွက်လိုကြတာ တွေ့ရပါတယ်။

မေး ။ ။ ဒါဆိုရင် လက်ရှိလုပ်ငန်းခွင်အတွင်းမှာ ဥပဒေအရာရှိကျင့်ဝတ်စောင့်ထိန်းမှု အားကောင်းလာစေဖို့အတွက် ဘယ်လိုအချက်တွေကို ပံ့ပိုးပေးစေချင်ကြောင်း အကြံပြုထားတာမျိုး ရှိပါသလဲ။

ဖြေ ။ ။ အရာရှိငယ်တွေက လုပ်ငန်းခွင်မှာ လမ်းညွှန်မှုပေးနိုင်မယ့် အုပ်ထိန်းမှုစနစ်ကို လိုလားကြပါတယ်။ အတွေ့အကြုံရင့် စီနီယာအရာရှိကြီးတွေရဲ့ လက်တွေ့လုပ်ငန်းခွင်အတွင်း ဥပဒေအရာရှိကျင့်ဝတ်နဲ့အညီ စံပြနေထိုင်ဆုံးဖြတ်ပြမှုတွေကို နမူနာယူပြီး ကျင့်ဝတ်ပိုင်းဆိုင်ရာ လမ်းမှန်ရောက်စေဖို့ အနီးကပ်လမ်းညွှန်ပေးစေချင်ကြပါတယ်။ ဒါ့အပြင် ဥပဒေအရာရှိ ကျင့်ဝတ်စောင့်ထိန်းလိုက်နာမှု အားကောင်းလာစေဖို့ အထက်အောက် အပြန်အလှန်အကဲဖြတ်ခြင်းကို ဆောင်ရွက်သင့်ကြောင်းလည်း ဖြေကြားကြပါတယ်။ ဒီလို အပြန်အလှန်အကဲဖြတ်တဲ့အခါ လုပ်ငန်းခွင်မှာ မလိုလားအပ်တဲ့ အဆင်မပြေမှုတွေမဖြစ်စေဖို့ စနစ်တကျနဲ့ ပြုပြင်ပြောင်းလဲရေးကိုသာ ဦးတည်ပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဥပဒေရေးရာဝန်ကြီးဌာန၏ အဆင့်ဆင့်သော ဥပဒေအရာရှိများနှင့် ပြုလုပ်ခဲ့သည့် ဤတွေ့ဆုံမေးမြန်းမှုက ဝန်ကြီးဌာန၏ ထူးခြားသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ ဥပဒေအရာရှိများ၏ ကျင့်ဝတ်သိက္ခာကို မြှင့်တင်ခြင်းသည် ဝန်ထမ်းတစ်ဦးချင်းစီ၏ အရည်အသွေးကို မြှင့်တင်ခြင်းသာမကဘဲ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်ပေးနေခြင်းလည်း ဖြစ်ပါသည်။

တွေ့ဆုံမေးမြန်းမှုများအပေါ် စနစ်တကျကောက်ယူခဲ့သော အခြေခံ အချက်အလက် (Baseline Data) လေ့လာဆန်းစစ်ချက်များအရ ဥပဒေအရာရှိများသည် မိမိတို့၏ ဥပဒေအရာရှိကျင့်ဝတ်စောင့်ထိန်းမှု အခြေအနေကို ယခင်ကာလများနှင့် နှိုင်းယှဉ်ပါက သိသိသာသာ ပိုမိုနားလည်သဘောပေါက်ပြီး ကောင်းမွန်စွာ မြှင့်တင်လာနိုင်ကြောင်း တွေ့ရှိရသည်။

ဥပဒေအကြံဉာဏ်ပေးခြင်း၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်း ဆောင်ရွက်ခြင်းတို့တွင် နစ်နာသူတို့ ဥပဒေအရ ရထိုက်ခွင့်ရှိသော အခွင့်အရေးများ မဆုံးရှုံးစေရေးတို့အတွက် တည်ဆဲဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းများတွင်လည်း ရာထူးနှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာခြင်း၊ အဂတိလိုက်စားမှုမှ ရှောင်ကြဉ်ခြင်းဖြင့် အမှန်တရားပေါ်ပေါက်စေပြီး အများပြည်သူက ယုံကြည်ကိုးစားမှုရရှိစေရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

အမှန်စင်စစ် ဥပဒေအရာရှိတစ်ဦး၏ ကျင့်ဝတ်စောင့်ထိန်းမှုသည် လုပ်ငန်းခွင်အတွင်း၌သာမက ပြင်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်ရာတွင်လည်း ဝန်ကြီးဌာန၏ ပုံရိပ်ကို အဆုံးအဖြတ်ပေးသည့်အရာဖြစ်သည်။ အထူးသဖြင့် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရာတွင်လည်းကောင်း၊ ရဲတပ်ဖွဲ့၊ တရားရုံး၊ အကျဉ်းဦးစီးဌာန စသည့် ဆက်စပ်မိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ငန်းသဘောအရ ညှိနှိုင်းဆောင်ရွက်ရာတွင် လည်းကောင်း ဥပဒေအရာရှိကျင့်ဝတ်ကို တိကျစွာ လိုက်နာဆောင်ရွက်ခဲ့ကြသည်။ ဥပဒေအရာရှိများက မိမိတို့၏ ကျင့်ဝတ်ကို ခိုင်မာစွာ ရပ်တည်ပြခြင်းကြောင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်များနှင့် ဥပဒေအကြံပြုချက်များအပေါ် ယုံကြည်မှုနှင့် လေးစားမှုမှာ ယခင်ကထက် ပိုမိုမြင့်မားလာပြီး ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမိုစနစ်ကျ အားကောင်းလာစေခဲ့သည်။

သို့ဖြစ်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ အမြော်အမြင်ရှိသော ကြပ်မတ်မှု၊ ဥပဒေရေးရာဝန်ကြီးဌာနရှိ အဆင့်မြင့်အရာရှိကြီးများ၏ ကြီးကြပ်မှု၊ အရာရှိငယ်များ၏ တက်ကြွပြီး ဖြောင့်မတ်သော အသိစိတ်ဓာတ်များ ပေါင်းစပ်၍ ကျင့်ဝတ်သိက္ခာအပြည့်ဖြင့် လျှောက်လှမ်းလျက်ရှိသည့် "တရားဥပဒေစိုးမိုးရေး" ဆောင်ရွက်မှုခရီးလမ်း (Moving forwards to the Rule of Law) သည် ပြည်သူများ ယုံကြည်အားကိုးရာ ပန်းတိုင်သို့ မုချကေန် ဆိုက်ရောက်လိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ပညာ ရွှေအိုးလူမခိုး ပညာရဲရင့် ပွဲလယ်တင့်

## ကချင်ပြည်နယ်ဝန်ကြီးချုပ် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇွန် ၁၀**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများသည် ယနေ့မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မြစ်ရေကြီးမြင့်မှုမှ ကာကွယ်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ မြို့တော်ခန်းမဝင်းအတွင်း ကားပါကင်နှင့် မြေယာအလှပြုပြင် ဆောင်ရွက်သွားမည့်အခြေအနေ၊ စီတာပူရပ်ကွက်အတွင်း အင်ဂျန်းခချောင်းဝ၌ ရေထိန်းတံခါးသုံးခု တည်ဆောက်ပြီးစီးမှုနှင့် အဆိုပါ ရေထိန်းတံခါးမှလောကမာန်အောင်စေတီတော်အထိ ကျောက်စီရေထိန်းနံရံ အရှည်ပေ ၅၀၀ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်း ကချင်ပြည်နယ်တရားလွှတ်တော်ရုံး အဆောက်အအုံသစ်ဖောင်ဒေးရှင်း တည်ဆောက်ပြီးစီးမှုနှင့် မြေညီထပ်တိုင်ထူသဲဖြည့်ခြင်းနှင့် Beam ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြစ်ကြီးနားမြို့နယ် စုပေါင်းရုံးအတွင်းရှိ မနော‌ရွှေပြည်ခန်းမ၌ မြို့ပေါ်ရပ်ကွက်များမှ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများနှင့် ခရစ်ယာန်အသင်းတော် ဘုရားကျောင်းဝင်းများအတွင်းရှိ ဝိုင်းမော်မြို့နယ်၊ ဖားကန့်မြို့နယ်၊ မိုးညှင်းမြို့နယ်တို့မှ ယာယီခိုလှုံနေထိုင်လျက်ရှိသော ယာယီတိမ်းရှောင်စခန်း ခုနစ်ခုရှိ အိမ်ထောင်စု ၃၂၈ စုတို့အတွက် ဆန် ၂၄ ပြည်ပါအိတ် ၃၂၈ အိတ်နှင့် ဆီ ၃၂၈ ပိဿာကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**မုံရွာ ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး MSME ဖွံ့ဖြိုးတိုးတက်ရေး အောင်ဂျင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က တိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေနှင့် တက်ရောက်လာကြသည့် တိုင်းဒေသကြီး MSME ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ အဖွဲ့ဝင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် MSME လုပ်ငန်းအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများအပေါ် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း ရော်ဘာသစ်သားထွက်ကုန်များ ပြည်ပသို့ထုတ်လုပ်တင်ပို့နေမှု ကြည့်ရှု

**မော်လမြိုင် ဇွန် ၁၀**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီက ခွင့်ပြုထားသည့် ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဖြစ်သည့် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာရှိ MOS LUMBER PRODUCTS COMPANY LIMITED ၏ ရော်ဘာသစ်သားထွက်ကုန်များ ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နေမှုကို ကြည့်ရှုကာ ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။



**လှည့်လည်ကြည့်ရှု**

ထို့နောက်နည်းပညာတက္ကသိုလ် (မော်လမြိုင်)ရှိ ရွှေဇီဝသဘာဝ ဇီဝမြေဩဇာ ထုတ်လုပ်နေမှုနှင့် ကုန်ကြမ်းများ စနစ်တကျ သိုလှောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး ပြည်ပမှတင်သွင်းသည့် ဓာတ်မြေဩဇာများကို အတတ်နိုင်ဆုံးလျှော့ချ၍ ပြည်တွင်းထုတ် သဘာဝ ဇီဝမြေဩဇာများကို တောင်သူများထံ ဖြန့်ဖြူးပေးရန်နှင့် လုပ်ငန်းများ တိုးတက်ကျယ်ပြန့်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရေး အလှူငွေပေးအပ်ပွဲသို့ တက်ရောက် အမှာစကား ပြောကြားပြီး အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မွန်ပြည်နယ်အနေဖြင့် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းငွေကျပ်သိန်း ၁၆၀၀၊ အလှူရှင်များက လှူဒါန်းငွေကျပ် ၃၄၉၀၆၀၀၀၀ စုစုပေါင်း လှူဒါန်းငွေကျပ် ၅၀၉၀၆၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## သန်လျင်မြို့နယ်၌ တည်ဆဲအခွန်ဥပဒေများ လိုက်နာဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေး

**ရန်ကုန် ဇွန် ၁၀**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က အမှာစကားပြောကြားပြီး သန်လျင်မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သက်သက်နွယ်က တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသော အခွန်ထမ်းပြည်သူများ၏ သိရှိလိုသည်များကို ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**



## ပဲခူးမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**ပဲခူး ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တွင် အခွန်ဘဏ္ဍာငွေတိုးတက်စေရေး၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ဆောင်ရွက်စေရေး၊ အခွန်ကြွေးကျန်များ၊ အခွန်တိမ်းရှောင်မှုနှင့် အခွန်လွတ်ကင်းမှုမရှိစေရေး အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီက မြို့နယ်လူငယ်စင်တာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဟိုးလှိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူက ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပေးသည်။

ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နီလာမြင့်က မြို့နယ်နှင့်ပတ်သက်၍ အခွန်ရရှိမှုနှင့် ကြုံတွေ့နေရသည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ လမ်းညွှန်ချက်အရ ကံမမြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ရေပြင်ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်ခြင်းကို ဇွန် ၁၀ ရက်တွင် တပ်ဖွဲ့ဝင်အင်အား ၁၅ ဦးဖြင့် ကံမမြို့နယ် မဒေးချောင်းအတွင်း စုဖွဲ့လေ့ကျင့်စဉ်။ ကောင်းစစ်နိုင်



# ကလေး-တမူး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး တပ်မတော်စစ်ကြောင်းများက နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်


**နေပြည်တော် ဇွန် ၁၀**

တပ်မတော်အနေဖြင့် နယ်မြေဒေသ အေးချမ်းသာယာ၍ ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် လမ်းကြောင်းတစ်ခုဖြစ်သော ကလေး-တမူး လမ်းကြောင်း တစ်လျှောက်အား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကလေး-တမူး လမ်းကြောင်းအား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၄ ခုနှစ်မှစတင်၍ ယာယီစိုးမိုးပိတ်ဆို့၍ အဆိုပါလမ်းကြောင်းတစ်လျှောက် သွားလာနေကြသည့် ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များအား ဆက်ကြေးများကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကုန်ပစ္စည်းများအား လုယက်ယူဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြရာ ခရီးသွားပြည်သူများနှင့် ကုန်တင်ယာဉ်တို့မှာ ကူးသန်းသွားလာခြင်း မပြုလုပ်ရဲတော့သဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးများ နှောင့်နှေး၍ နယ်စပ်ကုန်သွယ်ရေး လျော့ကျလာပြီး ဒေသတွင်း စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပြတ်လပ်ကာ ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာခဲ့သည်။

ထို့ကြောင့် အဆိုပါ ကလေး-တမူး လမ်းကြောင်းအား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ဇွန် ၇ ရက်မှစတင်၍ တပ်မတော်စစ်ကြောင်းများသည် ကလေးမြို့ဘက်မှလည်းကောင်း၊ တမူးမြို့ဘက်မှလည်းကောင်း စစ်ကြောင်းများခွဲကာ ဟန်ချက်ညီညီ ချီတက်၍ နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ တမူးမြို့ဘက်မှ နယ်မြေရှင်းလင်း၍ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာအနီး တစ်ဝိုက်သို့လည်းကောင်း၊ ကလေးမြို့ဘက်မှ နယ်မြေရှင်းလင်း၍ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ၅၅ မိုင်ကျေးရွာအနီးတစ်ဝိုက်သို့လည်းကောင်း ရောက်ရှိနေပြီဖြစ်ပြီး ကလေး-တမူး လမ်းကြောင်းအား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိရာ မကြာမီတွင် ကလေး-တမူး လမ်းကြောင်းအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် ကလေး-တမူးလမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းကြောင်းတစ်လျှောက်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ခဲ့သည့် မိုင်းများအား ဖယ်ရှားရှင်းလင်းခြင်းနှင့် ဖျက်ဆီးခဲ့သည့် လမ်းတံတားများအား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေး-တမူး ဆက်သွယ်ထားသော နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှု။



တပ်မတော်စစ်ကြောင်းများက အရှေ့ခုံသာရွာအား ရှင်းလင်းစဉ် အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများအား အကာအကွယ်ပြုလုပ်၍ ခံစစ်ကျင်းများ၊ ဘန်ကာများပြုလုပ်ကာ စစ်စခန်းအဖြစ် အသုံးပြုထားပုံ။



တပ်မတော်စစ်ကြောင်းများက ၅၅ မိုင်ရွာအား ရှင်းလင်းစဉ် အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများအား အကာအကွယ်ပြုလုပ်၍ ခံစစ်ကျင်းများ၊ ဘန်ကာများပြုလုပ်ကာ စစ်စခန်းအဖြစ် အသုံးပြုထားပုံ။



တပ်မတော်စစ်ကြောင်းများက နန်းမွတ်တားရွာအား ရှင်းလင်းစဉ် အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးထားသည့် နန်းမွတ်တား တံတားအား တွေ့မြင်ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ရန်လင်းဖိုင်ကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှု။



တပ်မတော်စစ်ကြောင်းများက ရန်လင်းဖိုင်ရွာအား ရှင်းလင်းစဉ် အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများအား အကာအကွယ်ပြုလုပ်၍ ခံစစ်ကျင်းများ၊ ဘန်ကာများပြုလုပ်ကာ စစ်စခန်းအဖြစ် အသုံးပြုထားပုံ။

## သာပေါင်းမြို့နယ်၌ ငါးမျိုးမပြုန်းတီးစေရေး အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူ



**သာပေါင်း ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် ပြည်သူ့ပန်းခြံရှေ့၌ “ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံးမျိုးမသုဉ်း”မြေစိုက်ပိုစတာ ပူးပေါင်းစိုက်ထူခဲ့ကြသည်။

အဆိုပါ မြေစိုက်ပိုစတာကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဇေယာထိုက်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးအရာရှိ ဦးမျိုးသိမ်းနှင့်ဝန်ထမ်းများက ပူးပေါင်းစိုက်ထူကြကာ ငါးမျိုးမပြုန်းတီးစေရေးအတွက် ရေချိုငါးလုပ်ငန်းရေပြင်တွင် မေလနှောင်းပိုင်းနှင့် ဇွန်လ၊ ဇူလိုင်လများဖြစ်သည့် ငါးရစ်ငါးသန်ရာသီချိန်တွင် ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ချက်ပါ ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးမှုမရှိစေရေး အသိပညာပေးလက်ကမ်းစာစောင်များအား ပြည်သူများ သွားလာစည်ကားရာ လမ်းဆုံလမ်းမ၊ ဈေးတို့တွင် ဖြန့်ဝေပေးခဲ့ကြသည်။

**သာပေါင်း(ပြန်/ဆက်)**

## အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်သို့ ပေးပို့လှူဒါန်းသည့် ငလျင်ဒဏ်သင့် အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးရာတွင် အသုံးပြုသောစက်ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်



**ရန်ကုန် ဇွန် ၁၀**

အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်သို့ ပေးပို့လှူဒါန်းသည့် ငလျင်ဒဏ်သင့်အဆောက်အအုံများ၏ကြံ့ခိုင်မှုကိုစစ်ဆေးရာတွင် အသုံးပြုသော စက်ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ရှိ Function Hall ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဌွေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Abhay Thakurက အမှာစကားပြောကြားကာပစ္စည်းကိရိယာများနှင့် စာရွက်စာတမ်းများကို မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်ဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဖွဲ့ချုပ် မြန်မာနိုင်ငံ ငလျင်ကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်ဆန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ငလျင်ဒဏ်သင့် အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးရာတွင် အသုံးပြုသော စက်ပစ္စည်းကိရိယာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုကြသည်။

အိန္ဒိယသမ္မတနိုင်ငံမှ ၂၀၂၆ ခုနှစ် မတ်လက ပထမအကြိမ် အနေဖြင့် ဘေးအန္တရာယ်မတိုင်မီနှင့် ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက်အဆောက်အအုံအကဲဖြတ်ခြင်းများအတွက် စက်ယန္တရားနှင့်ပစ္စည်းကိရိယာ ၁၁ မျိုးနှင့် တန်ဖိုးငွေ ရူပီးသန်း ၂၀ ကျော်တန်ဖိုးရှိပစ္စည်းများပါဝင်ပြီး ယနေ့ လွှဲပြောင်းပေးအပ်သည့် ဒုတိယအကြိမ်မြောက် လှူဒါန်းမှုတွင် ငလျင်တိုင်းကိရိယာ၊ ကွန်ကရစ်အတွင်းပိုင်းဘက် စစ်ဆေးသည့်ကိရိယာ၊ အပူလှိုင်းပုံရိပ်ဖမ်းကင်မရာ၊ အဆောက်အအုံကြံ့ခိုင်မှုစောင့်ကြည့်သည့်စက်ယန္တရားနှင့်ပစ္စည်းကိရိယာများ ပါဝင်ပြီး တန်ဖိုးငွေ ရူပီး ၁၇ ဒသမ ၇၅ သန်းကျော် တန်ဖိုးရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးညိုမြို့နယ်၌ လူထုကျန်းမာရေးလုပ်သား (အကျဉ်းချုံး)သင်တန်း ဖွင့်လှစ်

**မိုးညို ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လူထုကျန်းမာရေးလုပ်သား (အကျဉ်းချုံး) သင်တန်းကို ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးက ကျေးလက်နေပြည်သူများအတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှု၊ ရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို အဓိကကူညီဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းပို့ချပေးမည့်အစီအစဉ်နှင့် သင်ကြားပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်ကြားရေး ဆရာ ဆရာမများက ဇွန် ၁၀ ရက်မှ ၂၃ ရက်အထိ ၁၄ ရက်ကြာသင်တန်းပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား ၁၃ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**



## မြဝတီမြို့၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**မြဝတီ ဇွန် ၁၀**

၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က မြဝတီခရိုင်ပြည်သူ့ဆေးရုံကြီး၌ ယမန်နေ့နံနက်ပိုင်းက စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ သွေးလှူဒါန်းခဲ့ကြသည့် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမျိုးသန့်ဇင်၊ မြဝတီခရိုင် အမျိုးသမီးရေးရာအတွင်းရေးမှူး ဒေါ်စမ်းစမ်းအေးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်စိန်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မင်းမေ



သဲဝါအေးတို့က အားပေးကြည့်ရှုကာ ကြက်ဥ၊ အအေး၊ ကွေကာ စသည့် အာဟာရများပေးအပ်ခဲ့ကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ (ပြန်/ဆက်)**

## ဗဟန်းမြို့နယ်၌ အခြေခံမီးသတ်ပညာနှင့် အရေးပေါ်ကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဓိဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)ရှိ ဝန်ထမ်းများအား အကြိုအခြေခံမီးသတ်ပညာနှင့် အရေးပေါ်ကယ်ဆယ်ရေးသင်တန်း (ရက်တို)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးဥက္ကဋ္ဌ ဦးအေးမောင်သန်းက အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ခိုင်စိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဆေးရုံမှ တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာ**



## သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်ပညာသင်တန်းဖွင့်လှစ်



**ပုသိမ် ဇွန် ၁၀**

ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာမြို့ရှိ ဟိုတယ်၊စျေး၊စက်သုံးဆီအရောင်းဆိုင်များမှ ဝန်ထမ်း ၅၀ ဖြင့် သီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်ပညာ သင်တန်းအမှတ်စဉ် (၃/၂၀၂၆)ကို ယမန်နေ့နံနက်ပိုင်းက AZURA ဟိုတယ်၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းက အမှာစကားပြောကြားသည်။

သင်တန်းတွင် မီးလောင်မှုအကြောင်းရင်းများ၊ မီးသတ်ဆေးဘူးအကြောင်းအရာနှင့် မီးအတန်းအစားခွဲခြားနည်း၊ မီးအတန်းအစားအလိုက် မီးငြိမ်းသတ်နည်းများ၊ ဆီမီးလောင်မှုငြိမ်းသတ်နည်းများ၊ မီးသတ်ကားဖြင့် လက်တွေ့ ရေစိုလေ့ကျင့်ခန်း၊ မီးသတ်ဦးစီးဌာန၏ သီအိုရီအကြောင်း၊ စစ်ရေးပြဘာသာရပ်များကို ဇွန် ၉ ရက်မှ ၁၃ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မေချို**

○ ချယ်လ်ဆီးအသင်းမှ

ချယ်လ်ဆီးအသင်းအနေနဲ့ အန်ဇိုဖာနန်ဒက်ဇ်ကို ဘင်ဖီကာအသင်းဆီကနေ ခေါ်ယူခဲ့စဉ်က ပြောင်းရွှေ့ကြေးပေါင် ၁၀၆ ဒသမ ၈ သန်းကုန်ကျခဲ့တာဖြစ်ပြီး ၂၀၃၂ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားတာ ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ်ဘိုင်ယန်မြူးနစ်အသင်းမှ အိုလစ်ကိုခေါ်ယူရန် ပစ်မှတ်ထားခဲ့ပေမယ့် ဘိုင်ယန်မြူးနစ်အသင်းက ပြောင်းရွှေ့ကြေး ဘယ်လောက်ပေးပေး ရောင်းချမှာမဟုတ်ဘူးလို့ ပြောကြားခဲ့ပြီးနောက် အန်ဇိုဖာနန်ဒက်ဇ်ကို ခေါ်ယူဖို့ ပြောင်းလဲစီစဉ်ခဲ့တာလည်းဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ်ဟာ လက်ရှိမှာ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို အာဂျင်တီးနားအသင်းနဲ့အတူ ပါဝင်ယှဉ်ပြိုင်ကစားဖို့ လေ့ကျင့်ပြင်ဆင်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

## နတ်တလင်းမြို့နယ်၌ စာစီစာကုံး၊ပန်းချီပြိုင်ပွဲ ကျင်းပ

**နတ်တလင်း ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲကို ဇွန် ၈ ရက်က နတ်တလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကျင်းပနေမှုကို နတ်တလင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာမြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မိုး၊ ခရိုင်အတွင်းရှိ မြို့နယ်အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်ပြီး ဆုရကျောင်းသား ကျောင်းသူများအား ခရိုင်အမျိုးသမီးရေးရာ အဖွဲ့



ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊တာဝန်ရှိသူများက ဆုများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**

# ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်ညစ်ညမ်းမှုနှင့် ကမ္ဘာ့အနာဂတ်အတွက် စိုးရိမ်ဖွယ်အခြေအနေ

အေးခိုင်စိုး(ပွင့်ဖြူ)



ယနေ့ခေတ် လူသားတွေရဲ့ နေ့စဉ်ဘဝမှာ ပလတ်စတစ်ပစ္စည်းတွေက မဖြစ်မနေအသုံးပြုနေရတဲ့ အရာတွေဖြစ်လာပါတယ်။ ရေဘူးတွေ၊ ပလတ်စတစ်အိတ်တွေ၊ အစားအစာထုပ်ပိုးပစ္စည်းနဲ့ တစ်ခါသုံးပစ္စည်းတွေကို နေရာတိုင်းမှာ အလွယ်တကူ တွေ့မြင်နိုင်ပါတယ်။ သို့သော် ခေတ်တာအဆင်ပြေမှုတွေရဲ့ နောက်ကွယ်မှာ သဘာဝပတ်ဝန်းကျင်အတွက် အကြီးမားဆုံးပြဿနာတစ်ရပ် ပေါ်ပေါက်နေပါတယ်။ အဲဒီပြဿနာကတော့ ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်ညစ်ညမ်းမှုဖြစ်ပါတယ်။

သုတေသနပညာရှင်တွေရဲ့ လေ့လာချက်တွေမှာ နှစ်စဉ် ပလတ်စတစ်တန်ချိန် သန်းပေါင်းများစွာဟာ မြစ်တွေ၊ ကမ်းရိုးတန်းတွေနဲ့ မြို့ပြအမှိုက်စနစ်တွေကတစ်ဆင့် ပင်လယ်သမုဒ္ဒရာအတွင်း စီးဝင်လျက်ရှိတယ်လို့ ဆိုထားပါတယ်။ အဲဒီပလတ်စတစ်တွေထဲက တစ်ခါသုံး ပလတ်စတစ်တွေ၊ ငါးဖမ်းကိရိယာတွေ၊ စက်ရုံအလုပ်ရုံတွေက စွန့်ပစ်အမှိုက်တွေနဲ့ အိမ်သုံးအမှိုက်တွေ ပါဝင်ပါတယ်။ ပလတ်စတစ်တွေဟာ သဘာဝအတိုင်း လွယ်ကူစွာမပျက်စီးနိုင်တာကြောင့် သမုဒ္ဒရာအတွင်းမှာ နှစ်ရာချီတည်ရှိနိုင်ပါတယ်။ အချိန်ကြာလာတာနဲ့ အမျှ ကြီးမားတဲ့ပလတ်စတစ်တွေကနေ microplastics လို့ခေါ်တဲ့ အလွန်သေးငယ်တဲ့ အမှုန်တွေအဖြစ် ပြိုကွဲသွားပြီး ရေထဲမှာ ပျံ့နှံ့သွားပါတယ်။

ပင်လယ်သမုဒ္ဒရာတွေဟာ ကမ္ဘာပေါ်မှာ ရှင်သန်ရပ်တည်နိုင်ဖို့အတွက် အရေးပါတဲ့သဘာဝစနစ်တစ်ခုဖြစ်ပါတယ်။ ကမ္ဘာပေါ်ရှိ အောက်ဆီဂျင် ၅၀ ရာခိုင်နှုန်း (တစ်ဝက်ခန့်)ကို ပင်လယ်သမုဒ္ဒရာတွေကထုတ်ပေးလျက်ရှိပြီး ကမ္ဘာ့ရာသီဥတုကိုလည်း ထိန်းညှိပေးပါတယ်။ ဒ့ါအပြင် လူသား သန်းပေါင်းများစွာရဲ့ အစားအစာ၊ အလုပ်အကိုင်နဲ့ စီးပွားရေးလုပ်ငန်းတွေဟာလည်း ပင်လယ်သမုဒ္ဒရာတွေပေါ်မှာ မူတည်နေပါတယ်။ ဒီလိုအရေးပါလှတဲ့ ပင်လယ်သမုဒ္ဒရာတွေဟာ ယခုအခါ ပလတ်စတစ်ညစ်ညမ်းမှုကြောင့် အန္တရာယ်ကြီးမားစွာ ရင်ဆိုင်နေရပါတယ်။

### သဘာဝစနစ်အတွင်း အလွန်အကျွံ တိုးပွားလာ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံပညာရှင်တွေက "Planetary Boundaries"လို့ခေါ်တဲ့ သဘာဝပတ်ဝန်းကျင်ရဲ့ လုံခြုံတဲ့ကန့်သတ်ချက်တွေကို သတ်မှတ်ထားကြပါတယ်။ အဲဒီကန့်သတ်ချက်တွေက လူသားတွေရဲ့လုပ်ဆောင်မှုတွေကြောင့် ကမ္ဘာ့သဘာဝစနစ်တွေ မပျက်စီးသွားစေဖို့ သတိပေးထားတဲ့ အကန့်အသတ်တွေဖြစ်ပါတယ်။ ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်ညစ်ညမ်းမှုတွေက အထူးသဖြင့် "Novel Entities" နဲ့ "Biosphere Integrity" လို့ ခေါ်တဲ့ Planetary Boundaries တွေကို ထိခိုက်စေပါတယ်။ Novel Entities ဆိုတာက သဘာဝကမချေဖျက်နိုင်တဲ့ လူလုပ်ဓာတုပစ္စည်းတွေနဲ့ ပလတ်စတစ်တွေကိုဆိုလိုပြီး အဲဒီအရာတွေက သဘာဝစနစ်အတွင်း အလွန်အကျွံ တိုးပွားလာနေခြင်းဖြစ်ပါတယ်။ Biosphere Integrity ဆိုတာက သက်ရှိမျိုးစုံနဲ့ သဘာဝစနစ်ရဲ့ညီမျှမှုကိုဆိုလိုပြီး ပလတ်စတစ်ညစ်ညမ်းမှုကြောင့် ပင်လယ်သမုဒ္ဒရာအတွင်းရှိ သက်ရှိတွေရဲ့ အသက်ရှင်နိုင်စွမ်းနဲ့ ecosystem balance ကို ထိခိုက်လာစေပါတယ်။

ဒ့ါအပြင် ပလတ်စတစ်ထုတ်လုပ်မှုက fossil fuels တွေအပေါ် မူတည်နေတာကြောင့် ရာသီဥတုပြောင်းလဲမှုနဲ့လည်း ဆက်စပ်နေပါတယ်။ စက်ရုံတွေက ထုတ်လွှတ်တဲ့ greenhouse gases တွေက ကမ္ဘာ့အပူချိန်မြင့်တက်မှုကို ဖြစ်စေပြီး သမုဒ္ဒရာအပူချိန်၊ ပင်လယ်ရေမျက်နှာပြင်နဲ့ ရာသီဥတုပြောင်းလဲမှုတွေကို ပိုမိုဆိုးရွားစေပါတယ်။ အဲဒါကြောင့် ပလတ်စတစ်ညစ်ညမ်းမှုဟာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုတည်းမဟုတ်ဘဲ ကမ္ဘာ့စနစ်တစ်ခုလုံးနဲ့ ဆက်နွှယ်နေတဲ့ sustainability challenge တစ်ခုဖြစ်လာနေပါတယ်။

ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်ညစ်ညမ်းမှုရဲ့ သက်ရောက်မှုတွေက သဘာဝပတ်ဝန်းကျင်အပေါ်သာမက လူသားတို့ရဲ့ လူမှုရေးနဲ့ စီးပွားရေးဘဝများအပေါ်ပါ ကျယ်ပြန့်စွာ သက်ရောက်လျက်ရှိပါတယ်။ ပလတ်စတစ်အမှိုက်တွေကို ငါး၊ လိပ်၊ ငှက်တွေနဲ့ အခြားရေနေသတ္တဝါတွေက အစားအစာလို့ မှားယွင်းယူဆကာ စားသုံးမိတာကြောင့် အသက်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒ့ါအပြင် စွန့်ပစ်ထားတဲ့ ငါးဖမ်းပိုက်တွေနဲ့ ပလတ်စတစ်ကြိုးတွေကြောင့် ရေသတ္တဝါတွေ ပိတ်မိခြင်းနဲ့ ထိခိုက်ဒဏ်ရာရခြင်းတွေလည်း ဖြစ်ပွားလျက်ရှိပါတယ်။ Coral reefs တွေနဲ့ အခြား marine habitats တွေ ပျက်စီးလာတာကြောင့် သက်ရှိမျိုးစုံတွေရဲ့ ရှင်သန်နိုင်စွမ်း လျော့နည်းလာပါတယ်။

စီးပွားရေးအရလည်း သက်ရောက်မှုများစွာ ရှိပါတယ်။ ပင်လယ်ကမ်းခြေတွေ ညစ်ညမ်းလာတာကြောင့် ခရီးသွားလုပ်ငန်းတွေ ထိခိုက်လာပြီး ငါးဖမ်းလုပ်ငန်းတွေရဲ့ ထုတ်လုပ်မှုစွမ်းရည်လည်း ကျဆင်းလာနိုင်ပါတယ်။ ဒ့ါအပြင် microplastics တွေက အစားအစာကွင်းဆက်အတွင်းကို ဝင်ရောက်လာပြီး လူသားတို့စားသုံးတဲ့ ရေထွက်ပစ္စည်းတွေဖြစ်တဲ့ အစားအစာတွေမှာပင် တွေ့ရှိလာရပါတယ်။ အဆိုပါအခြေအနေတွေက လူသားကျန်းမာရေးအပေါ် ရေရှည်အကျိုးဆက်တွေ ဖြစ်ပေါ်စေနိုင်တဲ့အတွက် သိပ္ပံပညာရှင်တွေက စိုးရိမ်လျက်ရှိပါတယ်။

### အနာဂတ်မျိုးဆက်တွေအတွက် ကြီးမားတဲ့အန္တရာယ်တွေ ဖြစ်ပေါ်လာ

ယခုကဲ့သို့အခြေအနေတွေ ဆက်လက်ဖြစ်ပေါ်နေပါက အနာဂတ်မျိုးဆက်တွေအတွက် ကြီးမားတဲ့အန္တရာယ်တွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ပင်လယ်သမုဒ္ဒရာ ecosystem တွေ ပျက်စီးလာခြင်း၊ ငါးနဲ့ ရေထွက်အစားအစာတွေ လျော့နည်းလာခြင်း၊ microplastics တွေ အစားအစာကွင်းဆက်အတွင်း ဝင်ရောက်လာခြင်းတွေက လူသားတိုင်းရဲ့ ကျန်းမာရေးနဲ့ အသက်မွေးဝမ်းကျောင်းမှုတွေကို ထိခိုက်လာစေနိုင်ပါတယ်။ တချို့သုတေသနပညာရှင်တွေရဲ့ ခန့်မှန်းချက်အရ ၂၀၅၀ ပြည့်နှစ်မှာ ပင်လယ်သမုဒ္ဒရာအတွင်းရှိ ပလတ်စတစ်အလေးချိန်ဟာ ငါးတွေရဲ့ အလေးချိန်ထက် ပိုမိုများပြားလာနိုင်တယ်လို့ သတိပေးထားပါတယ်။

ဒါကြောင့် ပင်လယ်သမုဒ္ဒရာတွေကိုကာကွယ်ဖို့ လူတိုင်းရဲ့တာဝန်ဖြစ်လာပါတယ်။ တစ်ခါသုံး ပလတ်စတစ်အသုံးပြုမှု လျှော့ချခြင်း၊ recycling ပြုလုပ်ခြင်း၊ အမှိုက်တွေကို စနစ်တကျစွန့်ပစ်ခြင်းနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာမြှင့်တင်ခြင်းတို့ဟာ အရေးကြီးတဲ့ ဖြေရှင်းနည်းတွေဖြစ်ပါတယ်။ ဒ့ါအပြင် အစိုးရအဖွဲ့အစည်းတွေနဲ့ စီးပွားရေးလုပ်ငန်းတွေက စဉ်ဆက်မပြတ် ရှင်သန်ရပ်တည်နိုင်ရေးမူဝါဒတွေ (sustainable policies) ချမှတ်ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။

ပင်လယ်သမုဒ္ဒရာတွေကို ကာကွယ်ခြင်းဟာ သဘာဝပတ်ဝန်းကျင်ကိုသာ ကာကွယ်ခြင်းမဟုတ်ဘဲ လူသားတိုင်းရဲ့အနာဂတ်အသက်ရှင်မှုကို ကာကွယ်ခြင်းလည်းဖြစ်ကြောင်း လူတိုင်း နားလည်သဘောပေါက်ရန် အရေးကြီးလှပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်ညစ်ညမ်းမှုဟာ ရေနေသတ္တဝါတွေ၊ သဘာဝပတ်ဝန်းကျင်နဲ့ လူသားတို့ရဲ့ အသက်မွေးဝမ်းကျောင်းမှုတွေကို ခြိမ်းခြောက်နေတဲ့ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ ဒ့ါအပြင် Planetary Boundaries တွေကို ကျော်လွန်စေနိုင်တဲ့ အန္တရာယ်တွေကိုလည်း ဖြစ်ပေါ်စေပါတယ်။ ယနေ့ ကျွန်ုပ်တို့ရဲ့ အသုံးအဆောင်အလေ့အထတွေနဲ့ ပတ်ဝန်းကျင်အပေါ် တာဝန်ယူမှုတွေဟာ အနာဂတ်မျိုးဆက်တွေရဲ့ ဘဝအရည်အသွေးကို ဆုံးဖြတ်ပေးမှာဖြစ်ပါတယ်။

ဒါကြောင့် တစ်ခါသုံးပလတ်စတစ်တွေ အသုံးပြုမှုကို လျှော့ချခြင်း၊ အမှိုက်တွေကို စနစ်တကျ စွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုနိုင်တဲ့ ပစ္စည်းတွေကို ရွေးချယ်အသုံးပြုခြင်းနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုတွေမှာ ပါဝင်ကူညီခြင်းတို့ကို လူတိုင်းက စတင်ဆောင်ရွက်သင့်ပါပြီ။ ပင်လယ်သမုဒ္ဒရာကို ကာကွယ်ခြင်းဟာ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်းသာမက လူသားမျိုးနွယ်ရဲ့ အနာဂတ်ကို ကာကွယ်တာလည်း ဖြစ်တယ်ဆိုတာ ရေးသားတင်ပြလိုက်ပါတယ်။ ။

> **"ပင်လယ်သမုဒ္ဒရာတွေကိုကာကွယ်ဖို့ လူတိုင်းရဲ့တာဝန်ဖြစ်လာပါတယ်။ တစ်ခါသုံး ပလတ်စတစ်တွေ အသုံးပြုမှုကို လျှော့ချခြင်း၊ အမှိုက်တွေကို စနစ်တကျစွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုနိုင်တဲ့ ပစ္စည်းတွေကို ရွေးချယ်အသုံးပြုခြင်းနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားမှုတွေမှာ ပါဝင်ကူညီခြင်းတို့ကို လူတိုင်းက စတင်ဆောင်ရွက်သင့်ပါပြီ။ ပင်လယ်သမုဒ္ဒရာကို ကာကွယ်ခြင်းဟာ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်းသာမက လူသားမျိုးနွယ်ရဲ့အနာဂတ်ကို ကာကွယ်တာလည်းဖြစ်"**

# ကန့်ဘလူမြို့နယ်၌ မိုးစပါး ၁၄၃၇၆၃ ဧက စိုက်ပျိုးရန်လျာထားပြီး ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေး ဆောင်ရွက်မည်

ကန့်ဘလူ ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၏ ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးအတွက် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၁၄၃၇၆၃ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေးအတွက် တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်သုံးစွဲရေး၊ လေ့ကျင့်ပညာပေးရေးနှင့် သုတေသနဖွံ့ဖြိုးရေး ရည်မှန်းချက်များကို အဓိကထား၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဒေသခံတောင်သူများအား စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောသည်။

ကန့်ဘလူမြို့နယ်အတွင်း၌ စပါးစိုက်ဧကတိုးတက်အောင်ဆောင်ရွက်ခြင်း၊ ဆည်ရေကို အကျိုးရှိစွာအသုံးချဆောင်ရွက်ခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ သွင်းအားစုများ စနစ်တကျထည့်သွင်းကာ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန် စီမံဆောင်ရွက်ခြင်း၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို တိုးတက်သုံးစွဲလာနိုင်စေရန် ပေါင်းစပ်ကူညီပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



# သဲကုန်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် ရေဆင်းပေါ်ဆန်း(၁) စပါး(၇) စိုက်ပျိုးပြသ

သဲကုန်း ဇွန် ၁၀

သဲကုန်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် ရေဆင်းပေါ်ဆန်း(၁) စပါး(၇) စိုက်ပျိုးပြသခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၈ နာရီက လက်ပံလုံးလအုပ်စု တောင်သူဦးသန်းဇော်၏ လယ်မြေ ခုနစ်ဧကေတွင် ဆောင်ရွက်သည်။

သဲကုန်းမြို့နယ်တွင် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း၊ ကောက်စိုက်စက် / လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့် ပျိုးထောင်စိုက်ပျိုးခြင်းနည်းစနစ်များဖြင့် မိုးစပါးစုစုပေါင်း ဧက ၈၂၆၁၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးနည်းစနစ်များကို ကွင်းသရုပ်ပြသခြင်း၊ နှစ်စဉ်မျိုးကောင်း မျိုးသန့် မျိုးစေ့များကို ပံ့ပိုးပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်နည်းများ သရုပ်ပြသခြင်း၊ သွင်းအားစုဓာတ်မြေဩဇာများကို သက်သာသောဈေးနှုန်းဖြင့် တောင်သူများအား ဖြန့်ဖြူးပေးခြင်း၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် စိုက်ပျိုးနည်းပညာများ လက်တွေ့ကွင်းဆင်း သရုပ်ပြသပေးခြင်း လုပ်ငန်းများ၊ စိုက်ပျိုးနည်းစနစ်သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် တောင်သူအသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အဓိကစိုက်ပျိုးသီးနှံများ လျာထားဧကပြည့်မီကျော်လွန်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်

ဘားအံ ဇွန် ၁၀



ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့ဦးစီးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၈ ရက်မှ ၉ ရက်ထိကျင်းပရာ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်လွင် တက်ရောက်၍ အဓိကသီးနှံများ လျာထားဧကပြည့်မီကျော်လွန်ရေး၊ တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းမြင့်က ၂၀၂၆-၂၀၂၇ မိုးစပါးတစ်ဧကအထွက်နှုန်း တိုးတက်စေရန် မိုးကြိုထယ်ရေးခံခြင်း ဆောင်ရွက်ပြီးစီးမှု၊ သဘာဝမြေဩဇာထည့်သွင်း ဆောင်ရွက်ပြီးစီးမှု၊ စူပါဘိုကာရှီထည့်သွင်းဆောင်ရွက်ပြီးစီးမှု၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထည့်သွင်းဆောင်ရွက်ပြီးစီးမှု၊ သီးနှံအလိုက်ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်မည့်အစီအစဉ် စသည်တို့ကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့ ဦးစီးမှူးများက သက်ဆိုင်ရာဒေသများအလိုက် စိုက်ပျိုးလုပ်ကိုင်မည့် အစီအစဉ်နှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တပ်ကုန်းမြို့၌ GAP စနစ်ဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းဖွင့်

တပ်ကုန်း ဇွန် ၁၀

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်



စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ကျင်းပသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်ဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းကို ဇွန် ၁၀ရက် မွန်းလွဲ ၁ နာရီခွဲက နွယ်ရစ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

## ရှင်းလင်းဆွေးနွေး

ဦးစွာ တပ်ကုန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇေယျက အမှာစကား ပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးမင်းထွန်းက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)စနစ်ဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ နွယ်ရစ်ကျေးရွာအုပ်စုအတွင်းမှ စိုက်ပျိုးရေးတောင်သူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်



# ရေတာရှည်မြို့နယ်၌ ကျောင်းကျန်းမာရေး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

ရေတာရှည် ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ အမှတ် (၃)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေးစစ်ဆေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒာညီဆွေနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ပဏာမမျက်စိအမြင်စွမ်းအား စစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းဆိုင်ရာများ ကြည့်ရှုကုသပေးခြင်း၊ အထွေထွေကျန်းမာရေး စစ်ဆေးကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မိတ္ထီလာခရိုင်အတွင်း သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

မိတ္ထီလာ ဇွန် ၁၀

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် ဒေသဂေဟစနစ်ကောင်းမွန်စေရေးတို့အတွက် နှစ်စဉ် သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် မိုးရာသီတွင် မိတ္ထီလာခရိုင်အတွင်း သစ်ပင်ပေါင်း ၁၈၃၈၉၃ ပင်အား သတ်မှတ်လျာထားချက်အတိုင်း ယနေ့တွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးခဲ့ကြောင်းသိရသည်။

ချမ်းသာ(မိတ္ထီလာ)



# ဆီဆိုင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြော

ဆီဆိုင် ဇွန် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက မဲပဲကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးစောဒေဝါထွန်းက မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်းအကြောင်းနှင့် တောအုပ် ဦးကျော်ကျော်သင်းက သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက မဲပဲကျေးရွာ ဘုန်းကြီးကျောင်းနှင့် အမကဝန်းကျင်တို့၌ ပျိုးပင် ၇၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တရုတ်နိုင်ငံ၌ ရထားအခြေခံခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်



ပေကျင်း ဇွန် ၁၀

တရုတ်နိုင်ငံသည် ရထားအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် နည်းလမ်းများ ချမှတ်ဆောင်ရွက်မည် ဖြစ်ကြောင်း အစိုးရ၏ ဇွန် ၁၀ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

ခရီးသွားလုပ်ငန်းကို ရှေးရှုသည့် ဘူတာရုံများ အဆင့်မြှင့်တင်ခြင်းနှင့် ခရီးသွားနေရာများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ရထားပို့ဆောင်ရေးလုပ်ငန်း ကုမ္ပဏီအပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်း ရှစ်ခုတို့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ခရီးသွားနေရာများအား ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရင်းနှီးငွေများကို ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ပေးအပ်မည်ဖြစ်သည်။ ခရီးသွားလာရေးလုပ်ငန်းအတွက် ပြေးဆွဲသည့်ရထားများကို နည်းပညာနှင့် စက်ပစ္စည်းကိရိယာများ မြှင့်တင်ရေးဆောင်ရွက်မည်ဟု သိရသည်။ တရုတ်-လာအို၊ တရုတ်-ကာဇက်စတန်၊ တရုတ်-ဗီယက်နမ်နှင့် တရုတ်-ရုရှား နယ်စပ်ဖြတ်ကျော်ခရီးသွားရထားများကို ဒီဇိုင်းပုံစံမြှင့်တင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းဆိုင်ရာ ရထားများကို ပြည်ပခရီးသွားများအတွက် အများအပြား ပြေးဆွဲရန်လိုအပ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။ ခရီးသွားများအတွက်လိုအပ်သည့် ခရီးသွားလာရေးနေရာများ၊ တည်းခိုနေထိုင်ရေး၊ အစားအသောက်နှင့် အားကစားပြိုင်ပွဲများ ကျင်းပရေးတို့အတွက် ရထားပို့ဆောင်ရေးတာဝန်ရှိသူများနှင့် ဒေသန္တရတာဝန်ရှိသူများက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

ခရီးသွားစီးဆင်းမှုကို စောင့်ကြည့်ခြင်း၊ ခန့်မှန်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ခရီးသွားလုပ်ငန်းထုတ်ကုန်များ ဒီဇိုင်းရေးဆွဲခြင်း၊ ဈေးကွက်ရှာဖွေခြင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပံ့ပိုးရန်အတွက် ရထားအခြေခံခရီးသွားလုပ်ငန်းများနှင့်ပတ်သက်သည့် ကြီးမားသော ဒေတာစနစ်တစ်ခု တည်ဆောက်ရန် အစီအမံများကိုလည်း အဆိုပါ ထုတ်ပြန်ချက်တွင် အဆိုပြုထားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# တူကီယဲနိုင်ငံတွင် အွန်လိုင်းလောင်းကစားတိုက်ဖျက်ရေး ဆောင်ရွက်



အန်ကာရာ ဇွန် ၁၀

တူကီယဲနိုင်ငံတွင် အွန်လိုင်းလောင်းကစားတိုက်ဖျက်ရေးဆောင်ရွက်စဉ်အတွင်း တရားခံ ၄၇ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇွန် ၉ ရက်တွင် ပြောကြားသည်။

နိုင်ငံတောင်ပိုင်း အေဒါနာပြည်နယ်ကို ဗဟိုပြု၍ ပြည်နယ် ၂၃ ခုတွင် ဆောင်ရွက်သည့် စစ်ဆင်ရေးအတွင်း လိုင်ယာငွေ ငါးဘီလီယံအား သိမ်းဆည်းခဲ့ကြောင်း ဆိုရှယ်မီဒီယာ အိကက်စ်တွင် ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖမ်းဆီးရမိသူများတွင် တရားမဝင်လောင်းကစားဝက်ဘ်ဆိုက်များအား ဆက်သွယ်ရေးနည်းပညာဖြင့် ပံ့ပိုးသူများနှင့် ငွေကြေးလွှဲပြောင်းရာတွင် ကူညီဆောင်ရွက်သူများ ပါဝင်သည်။ သိမ်းဆည်းရမိသည့် ပစ္စည်းများတွင် ကုမ္ပဏီတစ်ခု၊ အိမ် ၂၃ လုံး၊ ကား ၂၉ စီး၊ မြေကွက် ၁၃ ကွက်၊ ဘဏ်အကောင့် ၄၇၄၂ ခုနှင့် ဒစ်ဂျစ်တယ်ငွေကြေးအကောင့် ခြောက်ခုတို့ပါဝင်သည်။ တူကီယဲနိုင်ငံသည် လောင်းကစားလုပ်ငန်း ဆောင်ရွက်ခြင်းကို တားမြစ်ထားပြီး ၂၀၂၅ ခုနှစ်တွင် ဆောင်ရွက်သည့် မှတ်တမ်းများအရ နိုင်ငံအတွင်းရှိ အရွယ်ရောက်ပြီးသူများ၏ ၁၀ ဒသမ ၁ ရာခိုင်နှုန်းသည် ဘဝတစ်သက်တာတွင် တစ်ကြိမ်လောင်းကစားဆောင်ရွက်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# အမေရိကန်က အီရန်ဘောလုံးပရိသတ်များအား ကမ္ဘာ့ဖလားဘောလုံးပွဲကြည့်ခွင့် ပိတ်ပင်နေဟု အီရန်ပြောကြား

တီဟီရန် ဇွန် ၁၀

လာမည့်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အီရန်ဘောလုံးပရိသတ်များအတွက် ဘောလုံးပွဲလက်မှတ်များရပိုင်ခွင့်ကို အမေရိကန်က ပိတ်ပင်နေကြောင်း အီရန်ဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။

အမေရိကန်က အီရန်ဘောလုံးပရိသတ်များအတွက် လက်မှတ်ရပိုင်ခွင့်ကို ပိတ်ပင်သည့်ဆောင်ရွက်ချက်သည် တရားမျှတမှုမရှိကြောင်း အဆိုပါဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်စည်းမျဉ်းများအရ ကမ္ဘာ့ဖလားတွင် ပါဝင်သောနိုင်ငံများမှဘောလုံးအဖွဲ့ချုပ်တစ်ခုစီသည် ၎င်းတို့အသင်း၏ပွဲစဉ်များအတွက် ခွဲဝေပေးထားသော လက်မှတ်စုစုပေါင်း၏ ရှစ်ရာခိုင်နှုန်းကို ရရှိခွင့်ရှိသည်။ အမေရိကန်တာဝန်ရှိသူများ၏ ဆောင်ရွက်ချက်သည် နိုင်ငံတကာပြိုင်ပွဲများကို လွှမ်းမိုးလိုသည့် စိတ်ဓာတ်နှင့် ပါဝင်ယှဉ်ပြိုင်သော နိုင်ငံများအကြား တန်းတူညီမျှမှုအပေါ် ဆန့်ကျင်နေသည်ဟု အီရန်ဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ဘာသာပြန် - စိုးသူရ

# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါကူးစက်မှုများပြားနေပြီး ယူဂန်ဒါနိုင်ငံသို့ပျံ့နှံ့နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား



ဂျီနီဗာ ဇွန် ၁၀

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံတွင် အီဘိုလာရောဂါကူးစက်မှု များပြားနေပြီး ယူဂန်ဒါနိုင်ငံသို့ ရောဂါကူးစက်ပျံ့နှံ့နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

၎င်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသည့် ဒေသတွင်းနိုင်ငံများတွင် ရောဂါကူးစက်မှုများရှိသော်လည်း ကမ္ဘာတစ်ဝန်းနှင့် ကျန်အာဖရိကဒေသနိုင်ငံများတွင်ရောဂါကူးစက်မှုနည်းကြောင်း သိရသည်။ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံတွင် ရောဂါကူးစက်သူ ၅၁၅ ဦးနှင့် သေဆုံးသူ ၉၁ ဦး၊ ယူဂန်ဒါနိုင်ငံတွင် ရောဂါကူးစက်သူ ၁၉ ဦးနှင့် သေဆုံးသူနှစ်ဦးရှိကာ အဆိုပါရောဂါကူးစက်မှုဖြစ်ရပ်များသည် ရောဂါပိုးရှိသူများနှင့် အနီးကပ်နေထိုင်သူများနှင့် ကျန်းမာရေးလုပ်သားများတွင် တွေ့ရှိရခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် အီဘိုလာရောဂါ ကာကွယ်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အာဖရိကဒေသ ကူးစက်ရောဂါထိန်းချုပ်ရေးစင်တာတို့ပူးပေါင်း၍ ရောဂါကာကွယ်ရေးအတွက် ရန်ပုံငွေ ကန်ဒေါ်လာ ၅၁၈ သန်းရရှိရေး ကြိုးပမ်းဆောင်ရွက်နေသည်။

ယခု ရောဂါကူးစက်မှုများတွင် တွေ့ရှိရသည့် Bundibugyo ဗိုင်းရပ်စ်သည် သစ်သီးစားလင်းနို့များတွင် အစပြုသည်ဟု ယုံကြည်ရပြီး ရောဂါပိုးကူးစက်ခံထားရသော တိရစ္ဆာန်များ၏သွေးသို့မဟုတ် ရောဂါပိုးကူးစက်ခံထားရသူများ၏ ခန္ဓာကိုယ်အရည်များနှင့် အနီးကပ်ထိတွေ့မှုမှတစ်ဆင့် ကူးစက်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံ၌ အစားအသောက် အခမဲ့ကျွေးမွေးရေးအစီအစဉ် မြှင့်တင်ဆောင်ရွက်

ဂျကာတာ ဇွန် ၁၀

အင်ဒိုနီးရှားနိုင်ငံ၌ ဆောင်ရွက်နေသည့် အစားအသောက်အခမဲ့ကျွေးမွေးရေးအစီအစဉ်တွင် အစားအသောက်အရည်အသွေးမြှင့်တင်ရေးနှင့် ဘတ်ဂျက်စနစ်တကျသုံးစွဲရေးတို့ကို အလေးထားဆောင်ရွက်မည်ဖြစ်ကြောင်း အမျိုးသားအာဟာရအေဂျင်စီအကြီးအကဲ နာနတ်အက်စ်ဒီယန်က ပြောကြားသည်။ ထို့ပြင် မိမိတို့အေဂျင်စီ၏ ဦးစားပေးလုပ်ငန်းတာဝန်များမှာ ဘတ်ဂျက်ပြုန်းတီးမှုလျှော့ချနိုင်ရေးနှင့် အစားအသောက်များကို လိုအပ်သည့်နိုင်ငံသားများထံ ရောက်ရှိရေးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဘတ်ဂျက်ပြုန်းတီးမှုမဖြစ်စေရေးအတွက် အခမဲ့အစားအသောက်များ ဖြန့်ဖြူးမည့် မီးဖိုချောင်သစ်များဆောက်လုပ်ခြင်းကို ခေတ္တရပ်နားထားမည်ဖြစ်ပြီး ပြည်တွင်း အခမဲ့အစားအသောက် လိုအပ်ချက်အပေါ်မူတည်၍ ကန့်သတ်ဆောက်လုပ်မည်ဖြစ်သည်။

အစားအသောက်လိုအပ်နေသည့် ကလေးများနှင့် ချို့တဲ့သူများကို အစားအသောက်များဖြန့်ဖြူးပေးမည်ဖြစ်ပြီး မီးဖိုချောင်များ၏ အရည်အသွေးကိုလည်း မြှင့်တင်စေပြီး လုပ်ငန်းဆောင်ရွက်စေမည်ဖြစ်ကြောင်း အဆိုပါအေဂျင်စီ၏ထုတ်ပြန်ချက်အရ သိရသည်။

ယင်းအစီအစဉ်သည် နိုင်ငံသားများအတွက် အကျိုးကျေးဇူးများရရှိစေသည့် အစီအစဉ်တစ်ခုဖြစ်လာခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ရေးနှင့် အာဟာရပြည့်ဝရေးတို့အတွက် အလေးထားဆောင်ရွက်နေကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ


❂ ကျောဖုံးမှ

ထို့အတူ ထန်တလန်ဒေသ ပြန်လည် ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အဓိက ကုန်စည်ပို့ဆောင်ရေး လမ်းကြောင်းဖြစ်သည့် ဟားခါး- ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး အဆိုပါလမ်းကြောင်းတစ်လျှောက် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဇွန် ၄ ရက်မှ စ၍ ကန့်သတ်ချက်များကြားမှ ခက်ခက်ခဲခဲဖြင့် နယ်မြေရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ပွိုင့် ၁၉၂၁ တောင်ကုန်းအား ဇွန် ၆ ရက်တွင် လည်းကောင်း၊ ပွိုင့် ၂၀၆၉ တောင်ကုန်းအား ဇွန် ၇ ရက်တွင် လည်းကောင်း၊ တာ၀ါတိုင်ကုန်းစခန်းအား ဇွန် ၈ ရက်တွင်လည်းကောင်း အဆင့်ဆင့် သိမ်းပိုက်ခဲ့ပြီး ဇွန် ၉ ရက် ညနေပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသောဟားခါး-ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်း တစ်ခုလုံးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များနှင့် ခရီးသွား ပြည်သူများအနေဖြင့် ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကာ ဒေသတွင်း ကုန်စည်ပို့ဆောင်မှုများတွင် အခက်အခဲမရှိ ပြန်လည်အသုံးပြု သွားလာနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



တပ်မတော်စစ်ကြောင်းများက ဟားခါး- ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ထန်တလန်မြို့မှ တပ်မတော်စစ်ကြောင်းနှင့် ပူးပေါင်းနိုင်ခဲ့မှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ဟားခါး- ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်းအား အပြည့်အ၀ပြန်လည်ထိန်းချုပ်ဖွင့်လှစ်။



တပ်မတော်စစ်ကြောင်းများက ဟားခါး-ထန်တလန် လမ်းကြောင်းရှိ တာ၀ါတိုင်စခန်းအား သိမ်းပိုက်ရရှိစဉ်။





တပ်မတော်စစ်ကြောင်းများက ဟားခါး- ထန်တလန် လမ်းကြောင်းရှိ ပွိုင့် ၁၉၂၁ စခန်းအား သိမ်းပိုက်ရရှိစဉ်။

## ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးဆရာဖြစ်သင်တန်းဖွင့်

**ဘားအံ ဇွန် ၁၀**

ဥပဒေရေးရာ ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသော ပြည်သူ့အတွက်ကြိုးပမ်းမှု လုပ်ငန်းစဉ်များတွင်ပါဝင်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း(TOT)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဥပဒေချုပ် ဒေါ်နော်သန်းသန်းငြိမ်း တက်ရောက်အမှာစကား ပြောကြားသည်။



သင်တန်းတွင် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ စသည့်ဥပဒေဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ ဘားအံမြို့နယ်နှင့် ကမမောင်း (ဖာပွန်)မြို့နယ်တို့မှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၁၀၀ ခန့် တက်ရောက်ခဲ့ကြကာ ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပုဇွန်တောင်မြို့နယ်၌ အခွန်အသိပညာပေးရှင်းလင်းဆွေးနွေး

**ပုဇွန်တောင် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၌ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၈ ရက်က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကြည်ဖေလင်းက အမှာစကား ပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမြဦးက မြို့နယ်အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့် တည်းခိုခန်း လုပ်ငန်းရှင်များ၊ ရွှေထည်လက်ဝတ်ရတနာ ရောင်းချသည့် လုပ်ငန်းရှင်များနှင့်



လက်ကိုင်ဖုန်း (Handset)နှင့် စပ်ဆက်ပစ္စည်းများ ရောင်းချ/ဝန်ဆောင်မှု ဆောင်ရွက်သည့် လုပ်ငန်းရှင်များအား ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်အတွက် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည်များနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသိပညာပေးရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ဟန်စုယဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဇွန် ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Middle Man” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ခေတ္တရာမြို့သစ်ရပ်ကွက်နေ မျိုးအောင် အား ညနေ ၄ နာရီတွင် ပြည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချ ခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ လေးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် ဇွန် ၁၀

ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ လေးလုံးကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ယနေ့တွင် စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ တို့ကို အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိကြောင်း၊ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၅၂ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၂၅ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော တရားမဝင် အဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

# ကျောက်တန်းမြို့နယ်၌ စာကြည့်တိုက် လွှဲပြောင်းပေးအပ်

ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာ၌ မြစိမ်းရောင်(ငါးကဏ္ဍ)အတိုးရငွေဖြင့် ကျေးရွာအတွင်း အောင်သပြေလမ်းမပေါ်ရှိ လူငယ်အားမာန်စာကြည့်တိုက် ပြန်လည်ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းပြီးစီး၍ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အဆိုပါလုပ်ငန်းအား မြစိမ်းရောင်(ငါးကဏ္ဍ)အတိုးရငွေမှ ငွေကျပ် သိန်းတစ်ရာနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၃၄ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သန့်ဇင်ထွန်း**



# အောင်လံမြို့၌ ခရိုင်အမျိုးသမီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

အောင်လံ ဇွန် ၁၀

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ "ခရိုင်အမျိုးသမီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး" ကို ယမန်နေ့နံနက် ၉ နာရီက စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အောင်လံခရိုင် အမျိုးသမီးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) နှင့် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) (NASPAW) ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ အကောင်အထည်ဖော်လျက်ရှိပြီး ပဋိပက္ခအတွင်း ကာကွယ်မှုနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အမျိုးသမီးများ၏ကဏ္ဍကို ထည့်သွင်းထားကြောင်း ပြောကြားသည်။ **အာကာ(ပြန်/ဆက်)**



# ဓနုဖြူမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဆွေးနွေး

ဓနုဖြူ ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မူခင်းကျဆင်းရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ဇွန် ၉ ရက် မွန်းလွဲပိုင်းက ရေတွင်းကုန်း ကျေးရွာအုပ်စု ပြည်လုံးချမ်းသာ စေတီတော် မြတ်ကြီးအတွင်းရှိ သီလပေး တန်ဆောင်း၌ ကျင်းပသည်။



အဆိုပါဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်နိုင်ဝင်းက အွန်လိုင်းလိမ်လည်မှုများ မဖြစ်ပေါ်စေရေးကို လည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်ဌေးက မူခင်းကျဆင်းရေး၊ လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှု၊ ဖောက်ထွင်းမှုများ မဖြစ်ပေါ်စေရေးတို့ကိုလည်းကောင်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်နိုင်ဦးက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ လည်းကောင်း၊ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ခေါင်းဆောင် ရဲတပ်ကြပ်ကြီး ဖြိုးအောင်က ယာဉ်စည်းကမ်း/လမ်းစည်းကမ်းနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောကာ မူခင်းကျဆင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# သာကေတနှင့် ကျောက်တန်းမြို့နယ်တို့၌ ရွှေထည်ပစ္စည်းများ ခိုးယူသူအမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၀

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်၍ ရွှေထည်ပစ္စည်းများ ခိုးယူသူနှင့် လက်ထောက်ချသူ အမျိုးသမီးတို့နှင့် ကျောက်တန်းမြို့နယ်၌ လိုင်စင်ရအပေါင်ဆိုင်မှ ရွှေထည်ပစ္စည်းများ ခိုးယူသူနှင့် ပူးပေါင်းပါဝင်သူ အမျိုးသားနှစ်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ၂၀၂၅ ခုနှစ် မေ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၃/ မာန်ပြေရပ်ကွက် အိမ်အမှတ် ၇၃၉ ၌ ရွှေထည်ပစ္စည်းမျိုးစုံ ခြောက်ခုနှင့် ငွေကျပ်သိန်း ၈၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၇၉ သိန်းခန့် ခိုးယူခံရသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ သာကေတမြို့မရဲစခန်းက အမှုဖွင့်လှစ်ပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းနှင့် ဒုစရိုက်မှုများကို မလိုလားသည့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အခင်းဖြစ်နေအိမ်သို့ ဝင်/ ထွက်သွားလာလေ့ရှိသူ သာကေတမြို့နယ် ၃/ မာန်ပြေရပ်ကွက် အမှတ် (၁၆) နေ မနွယ်နွယ်ဝင်း(ခ) မစု(၄၅)နှစ်နှင့် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာနေ စိုးမြတ်မင်း (ခ)စိုးကြီးတို့ နှစ်ဦးကို မေ ၂၆ ရက်တွင် ၎င်းတို့၏ နေအိမ်များ၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူတို့ကို စစ်ဆေးရာ ၎င်းတို့နှစ်ဦးသည် ဇော်ဇော်အောင်(ခ) ဖိုးဇော် (ဖမ်းဆီးရန်ကျန်)၊ သက်ပိုင်ဦး(ဖမ်းဆီးရန်ကျန်)တို့နှင့်အတူ ၂၀၂၅ ခုနှစ် မတ်လအတွင်းက အခင်းဖြစ်နေအိမ်မှပစ္စည်းများ ခိုးယူရန်တိုင်ပင်ခဲ့ပြီး ၂၀၂၅ ခုနှစ် မေ ၆ ရက် နံနက် ၁၁ နာရီတွင် အဆိုပါနေအိမ်မှ ရွှေထည်ပစ္စည်းခြောက်မျိုးနှင့် ငွေကျပ်သိန်း ၈၀ တို့ကို ခိုးယူခဲ့ပြီး ရွှေထည်ပစ္စည်းများကို ငွေကျပ် ၁၇၉ သိန်းဖြင့် ရောင်းချကာ ခွဲဝေယူဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းများ ပြန်လည်ရရှိရေးဆောင်ရွက်ခဲ့ရာ အရည်ကျိုပုံပြောင်းထားသည့် ရွှေထည်ပစ္စည်းနှစ်မျိုး၊ တန်ဖိုးငွေကျပ် ၁၉၃ သိန်း သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိသူ စိုးမြတ်မင်း(ခ)စိုးကြီးအား အခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်း ရှိ/မရှိ အသေးစိတ် ထပ်မံစစ်ဆေးခဲ့ရာ ၎င်းနှင့်ခင်မင်ရင်းနှီးသူများဖြစ်သည့် တံတားမြို့ အောင်မင်းသူ (၂၁)နှစ်၊ တစ်ရပ်ကွက်တည်းနေ ကျော်ဇင်လတ်(ခ)ကျော်ဇင်(၄၁)နှစ်၊ ဘိုကလေးမြို့နယ်နေ စိုင်းဇော်ဇော်(ခ)ဇော်ဇော်(ခ) အောင်ပု (၃၄)နှစ်တို့သုံးဦးသည် ကျောက်တန်းမြို့နယ် တံတားမြို့ရှိ ဒေါ်ခင်သန်းဝင်း လိုင်စင်ရအပေါင်ဆိုင်အတွင်း ဝင်ရောက်ခိုးယူမှုများ ကျူးလွန်ကြကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အောင်မင်းသူပါ သုံးဦးကို ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ မေ ၂၇ ရက်တွင် ၎င်းတို့၏နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး သက်သေခံပစ္စည်းများဖြစ်သည့် ရွှေထည်ပစ္စည်းမျိုးစုံ ၄၀၊ ခိုးယူရရှိသည့် ရွှေထည်ပစ္စည်းများ ရောင်းချငွေဖြင့် ဝယ်ယူထားသော မော်တော်ယာဉ်နှစ်စီးနှင့် မော်တော်ဆိုင်ကယ်နှစ်စီး၊ လက်ကိုင်ဖုန်း တစ်လုံး၊ ရွှေထည်ပစ္စည်းများ ပေါင်နှံ/ရောင်းချထားသည့် ဘောက်ချာစာရွက်မူရင်း ၁၀ စောင်၊ ငွေကျပ်သိန်း ၉၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၀၀၇ သိန်းကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူ စိုးမြတ်မင်း (ခ)စိုးကြီး၊ နွယ်နွယ်ဝင်း(ခ)မစု၊ အောင်မင်းသူ၊ စိုင်းဇော်ဇော်(ခ)ဇော်ဇော်(ခ)အောင်ပုနှင့် ကျော်ဇင်လတ်(ခ)ကျော်ဇင်တို့အား တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် ဇော်ဇော်အောင် (ခ)ဖိုးဇော်၊ သက်ပိုင်ဦးတို့ နှစ်ဦးကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၆ ခုနှစ်၊ ဇွန်လ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

၁။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အားအသင့်အတင့် ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

၂။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရခိုင်ပြည်နယ်တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၄။ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် ခြောက်ပေမှ ၁၂ ပေခန့်၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

၅။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

၆။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် တစ်ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးပေခန့် လက်ရှိရေမှတ်များ အထက် မြင့်တက်လာနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## မြန်အောင်မြို့နယ် အထက(ကနောင်)၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေး



မြန်အောင် ဇွန် ၁၀

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် ကနောင်မြို့ အထက(ကနောင်) ဧရာနောင်ခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြန်အောင်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးတင်မောင်မြင့်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက အသက် (၁၀) နှစ်နှင့်အထက်ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် လိုအပ်သည့် အချက်အလက်၊ အထောက်အထားများ ဖြည့်စွက်ကာ စိစစ်ထုတ်ပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန္တာဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစနေထွန်းနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဧရာဦးသာ**



## မူဆယ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေး

မူဆယ် ဇွန် ၁၀

နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲက မူဆယ်မြို့ အမှတ်(၂) အခြေခံပညာအထက် တန်းကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါ အထက်တန်းကျောင်းတွင် တက်ရောက်နေသည့် မူဆယ်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်တို့တွင် နေထိုင်သော ကျောင်းသား ကျောင်းသူများအား အသက် (၁၀) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မူဆယ်မြို့နယ် ဦးစီးမှူးရုံးမှ ထုတ်ပေးလျက်ရှိရာ မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်း၊ ခရိုင်ပညာရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး၊ မူဆယ်မြို့နယ် ဦးစီးမှူး၊ နမ့်ခမ်းမြို့နယ်ဦးစီးမှူးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်



ချောင်းဆုံ ဇွန် ၁၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို အခြေခံပညာကျောင်းများ၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၀ ရက်က သင်္ကြော(အထက)၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချောင်းဆုံမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကောင်းပြည့်ကျော်နှင့် ဝန်ထမ်းများက အသက် (၁၀) နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ဆောင်ရွက်ပေးခြင်းနှင့် UID ကတ်တို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်များအား ပြည်သူများလက်ဝယ်အရောက် ပြန်လည်ပေးအပ်ခဲ့ကြောင်းနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၁၉ ဦးအား ဆောင်ရွက်ပေးကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

## လပွတ္တာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကောက်ယူခြင်းဆောင်ရွက်



လပွတ္တာ ဇွန် ၁၀

လပွတ္တာမြို့နယ် လ/မြောက်ကျေးရွာ အထက(ခွဲ)၌ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်ပေးသည်။

**ကွင်းဆင်းဆောင်ရွက်**

အဆိုပါလုပ်ငန်းကို လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦး၏ ကြီးကြပ်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံရင်မော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်လင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူ ၁၃၈ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်းကို နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တမူးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



တမူး ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကဘော်ခန်းမ၌ ယမန်နေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တမူးမြို့နယ် ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်များကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့သို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တမူးမြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိနှင့် ဝန်ထမ်းများက အသက် (၁၀) နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၁၀၆ ဦး၊ အသက် ၁၈ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၁၅ ဦး စုစုပေါင်း ၁၂၁ ဦးကို နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်နေမှုများကို ခရိုင်အဆင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်များကို ကျောင်းသား ကျောင်းသူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မုံရွာ(ကိုယ်ပွား)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## မော်လမြိုင်မြို့နယ်၌ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ အခွန်ပညာပေး ဟောပြော

မော်လမြိုင် ဇွန် ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲအခွန်ဥပဒေများနှင့်အညီ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ အခွန်ပညာပေး ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့နယ် Strand Hotel ၌ ကျင်းပသည်။



ဦးစွာ မွန်ပြည်နယ် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး နိုင်လယိတမက အမှာစကား ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာထွန်းက ဒေသတွင်း ခရီးသွားကဏ္ဍနှင့် အခွန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်နယ် အခွန်ဦးစီးဌာနမှူး ဦးဂျွန်စိန်ဂီက ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းများတွင် ပြေစာများပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



## ကျွန်းလှမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ကျွန်းလှ ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP)စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အင်းဂေါင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇွန် ၈ ရက်က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျွန်းလှမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်၊ ကျွန်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်မာလာဝင်းနှင့် ဝန်ထမ်းများက အင်းဂေါင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်းလမ်း အရှည်ပေ ၁၆၅၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မ ဂျင်းခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ အင်းဂေါင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ခင်းခြင်းလုပ်ငန်းကို သတ်မှတ်ထားသော စံနှုန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

## ဒေးဒရဲမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

ဒေးဒရဲ ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက သဲကုန်းလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား ကျောင်းသူများ အသိဉာဏ်ပညာနှင့် စဉ်းစားတွေးခေါ်မှု စွမ်းရည်များ ဖွံ့ဖြိုးလာပြီး နိုင်ငံတော်နှင့် မိမိပတ်ဝန်းကျင်ကို အကျိုးပြုနိုင်မည့် လူငယ်များ ပေါ်ထွန်းလာစေရန် လူငယ်စကားဝိုင်းများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ ကျောင်းသားကျောင်းသူများက သက်ဆိုင်ရာ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြပြီး သိရှိလိုသည်များ မေးမြန်းခြင်းကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည် ဖြေကြားခဲ့ကြောင်း သိရသည်။



**အေဇာလင်း**

## လင်းခေးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်

လင်းခေး ဇွန် ၁၀

လင်းခေးမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDထုတ်ပေးခြင်းကို ဇွန် ၁၀ ရက်က လင်းခေးမြို့ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (တောင်ရွာ)၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် အသက်(၁၀)နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDထုတ်ပေးခြင်း(နေ့ချင်းပြီး) ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးနှင့်အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနေခြည်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID မှတ်တမ်းများအား ကျောင်းသားကျောင်းသူတို့ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။



**စိုင်းဇော်လတ်(လင်းခေး)**



## မကွေးမြို့၌ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးသင်တန်း ဖွင့်လှစ်

မကွေး ဇွန် ၁၀

မကွေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးသင်တန်း (အရပ်သား) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာအောင်မင်းနှင့် ခရိုင်ဦးစီးမှူး ဒေါက်တာလှမျိုးသန့်တို့က အမှာစကားပြောကြားကာ မြို့နယ်ဦးစီးမှူး ဒေါက်တာအေးအေးမော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းနှင့်ပတ်သက်သည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဒေသတွင်းတိရစ္ဆာန်ကူးစက်ရောဂါများနှင့် လူနှင့်တိရစ္ဆာန်အချင်းချင်း ကူးစက်တတ်သောရောဂါများ ကြိုတင်ကာကွယ်နိုင်ရန်၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိန်းချုပ်ခြင်းလုပ်ငန်းစဉ်များတွင် အရပ်သားပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား ၂၀ အား ဇွန် ၉ ရက်မှ ၁၁ ရက်အထိ စနစ်တကျ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

### ❐ အာဆီယံကလပ်မှ

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း စတင်ကစားရမည်ဖြစ်သည်။ နောက်ဆုံးအဆင့် အုပ်စုကို ခုနစ်သင်း နှစ်အုပ်စုခွဲ ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအောင်မြင်ပါက အုပ်စု (B) သို့ ကျရောက်မည်ဖြစ်သည်။ အုပ်စု (A) တွင် ဘူရီရမ်ယူနိုက်တက် (ထိုင်း)၊ ရတ်ချာဘူရီ (ထိုင်း)၊ ကူချင်းစီးတီး (မလေးရှား)၊ တမ်ပနိစ်ရိုဗာ (စင်ကာပူ)၊ ဗီယက်နမ်ဖလားပြိုင်ပွဲ ချန်ပီယံအသင်း၊ ဘော်နီယို (အင်ဒိုနီးရှား) ဖိလစ်ပိုင်ကလပ်နှင့် ဘရူနိုင်းကလပ် ခြေစစ်ပွဲမှ အနိုင်ရအသင်း၊ အုပ်စု (B) တွင် Port (ထိုင်း)၊ ဂျိုဟိုးဒါရူးလ် (မလေးရှား)၊ Lion City Sailors (စင်ကာပူ)၊ ကောင်အန်ဟန္နိုင်း (ဗီယက်နမ်)၊ Svay Rieng (ကမ္ဘောဒီးယား)၊ ပါဆစ်ဘန်ဒေါင်း (အင်ဒိုနီးရှား)၊ မြန်မာကလပ်နှင့် လာအိုကလပ်ခြေစစ်ပွဲမှ အနိုင်ရအသင်းတို့ ပါဝင်နေသည်။

မြန်မာကလပ်ရှမ်းယူနိုင်တက်အသင်းသည် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် သုံးရာသီဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

သတင်း-ညီမြတ်သော်တာ

ဓာတ်ပုံ-AFC

## အထောက်အကူပြု မော်တော်ယာဉ်ဖြင့် အသိပညာပေး ဆွေးနွေး

ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် သွားရောက်၍ လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲကို အနော်ရထာစက်မှုဇုန်ရှိ စက်ရုံ နှစ်ရုံတွင် ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို Myanmar Dihuali Garment Co.,Ltd အထည်ချုပ်စက်ရုံနှင့် Myanmar Dixinda Garment Co.,Ltd အထည်ချုပ်စက်ရုံတို့တွင် ဆောင်ရွက်ခဲ့ကြရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသူက အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၉)၊ ပိတောက်ရွှေဝါလမ်း၊ မြေကွက်အမှတ် (၁၄၅၁)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးမြသန်း (YMN-၁၅၅၈၂၀) အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံသူဖြစ်သော ဦးသန်းထိုက် [၁၀/ကမရ(နိုင်) ၀၅၈၃၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထွန်းဦး [၁၃/ရစန(ပြု) ၀၀၀၂၉၀]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဦးသူရဝင်း (B.A, B.Sc(Hons), DBL(Credit),**
**PGDL, LLB, LLM (Commercial Law), (WIPO) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊**
**၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း– ၀၉–၅၀–၃၇၃၇၀၊ ၀၉–၄၂၀၀၁၈၄၆၅၊ ၀၉–၇၇၇၇၇၉၄၀၉**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ ပိတောက်ရွှေဝါလမ်း၊ မြေကွက်အမှတ်(၁၄၅၀)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးအောင်သိန်း (SRM-၀၂၇၃၅၄) အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေကွက်၏ အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံသူဖြစ်သော ဦးသန်းထိုက် [၁၀/ကမရ(နိုင်) ၀၅၈၃၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထွန်းဦး [၁၃/ရစန(ပြု) ၀၀၀၂၉၀]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဦးသူရဝင်း (B.A, B.Sc(Hons), DBL(Credit),**
**PGDL, LLB, LLM (Commercial Law), (WIPO) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊**
**၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း– ၀၉–၅၀–၃၇၃၇၀၊ ၀၉–၄၂၀၀၁၈၄၆၅၊ ၀၉–၇၇၇၇၇၉၄၀၉**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ ရွှေကျွန်းတောလမ်း၊ မြေကွက်အမှတ်(၁၁၅၈)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးခရစ်စတိုဖာ [၁၂/အစန(နိုင်) ၀၁၆၂၁၀]အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံသူဖြစ်သော ဦးတင်အောင်မြင့် [၁၂/အလန(နိုင်) ၀၃၀၄၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထွန်းဦး [၁၃/ရစန(ပြု) ၀၀၀၂၉၀]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဦးသူရဝင်း (B.A, B.Sc(Hons), DBL(Credit),**
**PGDL, LLB, LLM (Commercial Law), (WIPO) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊**
**၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း– ၀၉–၅၀–၃၇၃၇၀၊ ၀၉–၄၂၀၀၁၈၄၆၅၊ ၀၉–၇၇၇၇၇၉၄၀၉**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ အောင်သစ္စာလမ်း၊ မြေကွက်အမှတ် (၇၂၁)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဒေါက်တာစိုးမြင့် (BU-၀၃၈၂၂၇) အမည်ပေါက် ပါမစ်မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော (၁၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် အိမ်၊ ရေ၊ မီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်သဲစုလှိုင် [၁၂/ဒဂဆ(နိုင်) ၀၄၇၅၇၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီအောင် [၁၂/သကတ(နိုင်) ၁၄၆၇၀၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဦးသူရဝင်း (B.A, B.Sc(Hons), DBL(Credit),**
**PGDL, LLB, LLM (Commercial Law), (WIPO) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့ (၁)လမ်း၊**
**၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း– ၀၉–၅၀–၃၇၃၇၀၊ ၀၉–၄၂၀၀၁၈၄၆၅၊ ၀၉–၇၇၇၇၇၉၄၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၆၁)ရပ်ကွက်၊ ရောချမ်းသာအိမ်ရာ၊ တိုက်(14A)၊ အခန်း(04–319)၏ အမည်ပေါက် ဦးဝင်းနေလွင် [၁၄/မအပ(နိုင်)၁၄၁၁၉၅] ထံမှ ဒေါ်ဇင်မာလွင် [၁၄/ပသန(နိုင်)၂၀၇၀၁၄]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်။ ၀၆၇–၃၄၀၇၅၄၇**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၀)၊ မြေကွက်အမှတ် (၁၂၄၉/က)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ (ပါမစ်)မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မဏိစည်သူလမ်း၊ ၇၀–ရပ်ကွက်၊ အမှတ်– ၁၂၄၉/က ဟုခေါ်တွင်သော မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတို့တွင် ဒေါ်စန်းရီ [၁၂/တမန(နိုင်) ၀၂၆၆၃၄] အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ယခုရောင်းသူ ဦးစွမ်းပြည့်လင်း [၁၂/ဒဂတ (နိုင်) ၁၀၅၀၆၃]က အထက်ပါ မြေကွက်အမည်ပေါက်ထံမှ အဆက်စပ်ကတိစာချုပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ လက်ရှိထားစီမံခန့်ခွဲလျက်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ရေးပိုင်ခွင့်/ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုသန္တာဝင်း (LL.B, LL.M )**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၅၉၈)**
**အမှတ်– ၁၇၈၊ အခန်း(၅)၊ ဒုထပ်၊ ဗိုလ်အောင်ကျော်လမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၄၃၀၃၁၁၅၀၊ ၀၉–၇၉၉၂၈၂၆၉၂**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၃၁

**ကွယ်လွန်သူ ဦးကျော်သောင်း၏ ကျန်ရှိသောပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု**

ဦးသိန်းနိုင် ------------------ လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် ၇၀၇ (က)၊ ဧရိယာ (၀.၀၂၇)ဧကရှိ ဦးကျော်သောင်း အမည်ပေါက် မြေကွက်နှင့် နေအိမ်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်သောင်း၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဦးသိန်းနိုင် (ကွယ်လွန်သူ ဦးကျော်သောင်း၏ သားတော်စပ်သူ)က အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့ သိကြစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကျော်သောင်း၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၅ ရက် (၁၃၈၈ ခု၊ ပထမဝါဆိုလဆန်း ၁၁ ရက်) နံနက် (၁၀:၀၀)နာရီအချိန်တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးသိန်းနိုင်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်၊ မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ (၈)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးလှိုင်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့ သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ စပါယ် လမ်း၊ မြေကွက်အမှတ်(၅၂၅)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးညွန့်ဝေ (CHK- ၁၀၄၇၀၆) အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေကွက်၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံသူဖြစ်သော ဦးတင်မြင့်အောင် [၁၂/လကန (နိုင်) ၁၃၁၂၂၅]နှင့် ဒေါ်နှင်းနွယ်လွင် [၁၂/သဃက (နိုင်) ၀၄၁၇၉၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထွန်းဦး [၁၃/ရစန(ပြု) ၀၀၀၂၉၀]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဦးသူရဝင်း (B.A, B.Sc(Hons), DBL(Credit),**
**PGDL, LLB, LLM (Commercial Law), (WIPO) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့ (၁)လမ်း၊**
**၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း– ၀၉–၅၀–၃၇၃၇၀၊ ၀၉–၄၂၀၀၁၈၄၆၅၊ ၀၉–၇၇၇၇၇၉၄၀၉**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့ သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ ပုလဲလမ်း၊ မြေကွက်အမှတ် (၁၄၈)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးမောင်မြိုင် (ISN- ၄၆၀၀၈၈) အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်နွယ်နွယ်အောင် [၁၂/ဒပန(နိုင်) ၀၄၈၀၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထွန်းဦး [၁၃/ရစန(ပြု) ၀၀၀၂၉၀]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဦးသူရဝင်း (B.A, B.Sc(Hons), DBL(Credit),**
**PGDL, LLB, LLM (Commercial Law), (WIPO) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊**
**၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း– ၀၉–၅၀–၃၇၃၇၀၊ ၀၉–၄၂၀၀၁၈၄၆၅၊ ၀၉–၇၇၇၇၇၉၄၀၉**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(27-D1)၊ မြေကွက်အမှတ်(၁၄၈အေ/၂-က)၊ ဧရိယာ (၀.၀၅၄)ဧကအကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သပြေညိုလမ်း၊ အမှတ်(၃) ဟုခေါ်တွင်သော မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် **ဦးဝင်းစိန်(ခ) ဦးဝမ်စိန် [၁၂/အလန(နိုင်)၀၃၆၄၉၄]၊ ဒေါ်လျော်ဘီ(ခ)ဒေါ်ညွန့်မေ [၁၂/အလန(နိုင်)၀၃၆၄၉၅]**တို့ အမည်ပေါက်ပြီး ဦးဝင်းစိန်(ခ) ဦးဝမ်စိန် ကွယ်လွန်သဖြင့် ဒေါ်လျော်ဘီ(ခ)ဒေါ်ညွန့်မေမှ တစ်ဦးတည်းသောဇနီးဖြစ်၍ အမွေဆက်ခံခွင့်ရှိသူအဖြစ် ကျန်ရစ်ကြောင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံရေးကူးပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ပြုလုပ်ချုပ်ဆိုပေးမည်ဖြစ်ကြောင်း၊ ရောင်းသူတစ်ဦးတည်း အမည်ပေါက်ပြောင်းပြီး အရောင်းမြေပုံကူးယူပေးမည်ဖြစ်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော **ဦးဟန်ထူး [၁၂/မရက(နိုင်)၁၃၈၆၇၀]**မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသောကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ်(၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/တောင်–ရပ်ကွက်၊ ရွှေလောင်းလမ်း၊ တိုက်အမှတ် (၆၅)၊ (၄–လွှာ/တတိယထပ်) ( ၂၅ပေx၅၀ ပေ)ရှိ ဒေါ်ထွေးထွေးအေး ပိုင်ဆိုင်သည့် တိုက်ခန်းအကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ "အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ တိုက်ခန်းအား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်ထွေးထွေးအေး [၁၂/ကမရ(နိုင်) ၀၁၄၂၇၈]ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါ တိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးခိုင်ဌေး (LL.B, D.B.L, D.I.L)** | **ဒေါ်ခိုင်ဦးသူ (LL.B, D.B.L, D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၈၅၉)** | **အထက်တန်းရှေ့နေ (စဉ်– ၃၇၉၅၄)** |

**အမှတ်–၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၂၅၈၈၁**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အံဒင်ရွာသစ်၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း၊ ကျောင်းဝင်အမှတ် (၀၁၃၉)၊ Grade (3)မှ မောင်မြင့်မြတ်သူနှင့် ကျောင်းဝင်အမှတ် (၂၈၈)၊ Grade (3)မှ မဇင်မျိုးသူတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း [၁၄/ဖပန(နိုင်) ၁၅၅၂၁၆] ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်း**

## "အမှားပြင်ဆင်ခြင်း"

(၂၆–၅–၂၀၂၆) ရက်နေ့တွင် ကြေးမုံသတင်းစာ၊ စာမျက်နှာ– ၂၉ တွင်ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်မေသဥ္ဇာသိန်း+၁ တိုက်ခန်း (၁)ခန်းနှင့် မြေပိုင်ဆိုင်မှု အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း" ကြော်ငြာတွင် ဝယ်ယူသူ ဒေါ်ဆူနီသာ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၇/မမန (နိုင်) ၂၃၄၄၀၀]အစား [၇/ဖမန(နိုင်) ၂၃၄၄၀၀)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၀/တောင်၊ မြေကွက်အမှတ်– ၁၁၊ ဧရိယာ (၀.၀၅၉)ဧက၊ မြေကွက်တည်နေရာအမှတ် (၁၁)၊ စိန်ပန်းလမ်း၊ သန်လျင်တံတား ဝန်ထမ်းအိမ်ရာဝင်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသောင်းလှိုင်(GBK- ၀၀၆၅၈၂)၊ [၁၂/တမန(နိုင်) ၀၄၉၂၈၆ ] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးသောင်းလှိုင် (ဖခင်)နှင့် ဒေါ်လှကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးမော်လှိုင် [၁၄/ဟသတ (နိုင်) ၀၄၇၆၃၁]၊ ဒေါ်ခင်မာဆန်း [၁၂/တမန(နိုင်) ၀၄၉၂၈၄]၊ ဒေါ်လှိုင်လှိုင်သင်း [၁၂/တမန (နိုင်) ၀၄၉၂၄၄]တို့မှ မိမိတို့ကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးသောင်းလှိုင် (ဖခင်)နှင့် ဒေါ်လှကြည် (မိခင်)တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ သာယာလမ်း၊ အမှတ် (၆၅)တွင် နေထိုင်သူ ဒေါ်အင်ပေါက်နဲမ်ရာ [၁/ပတအ(နိုင်)၀၃၀၇၇၄]၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ချမ်းသာလမ်း၊ အမှတ် (၁၉) ဟု ခေါ်တွင်သည့်မြေကွက်ပေါ်ရှိ (၂) ခန်းတွဲ (၇) ထပ်တိုက်၏ (၆)ထပ်မြောက် ခေါင်းရင်းခြမ်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရောက်ပိုင်ဆိုင်ထားရှိသူ ဦးကိုကိုအေး [၈/မကန(နိုင်) ၀၆၀၁၇၂]၊ ဒေါ်ခင်မြအေး [၈/မကန(နိုင်) ၀၆၀၁၇၃]ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြော်ငြာပါသည့်နေ့ရက်မှ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်ပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဦး**
**အထက်တန်းရှေ့နေ (စဉ်– ၄၄၄၉၄)**
**အမှတ်(၂၄)၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်။**
**ဖုန်း – ၀၉–၉၆၁၆၀၆၀၆၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ်(၂) ဗိုလ်ဘစိုးလမ်း၊ မြေကွက်အမှတ်(၃၉၄)ဟု ခေါ်တွင်သော ဦးညွန့်နိုင်(MHG–080133) အမည်ပေါက် မြေငှားစာချုပ်အမျိုးအစား၊ အကျယ်အဝန်း ( $\frac{၄၄}{၆၁}$ x $\frac{၆၁}{၆၃}$ )ပေရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက် ဦးညွန့်နိုင်၏ ဇနီး ဒေါ်အေးမြတ်မြတ်ထွေး [၁၂/မဂဒ(နိုင်) ၀၁၁၅၄၃]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေကလည်း ဝယ်ယူရန်သဘောတူညီ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝေအောင် (လိုင်စင်အမှတ်– ၁၀၇၄၅) တရားလွှတ်တော်ရှေ့နေ**
**အမှတ်– ၁၀၆၉(ခ)၊ အောင်ဇေယျလမ်း၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာ**
**(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၂၅၂၉၂၉၂**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

မြန်မာလူမျိုး/ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့် (ဘ) ဦးကျော်၏ သားဖြစ်သူ ဦးဇော်မင်းဦး [၁၂/ဗဟန(နိုင်) ၀၁၈၄၇၈]နှင့် (ဘ) ဦးထွန်းလှိုင်၏ သမီးဖြစ်သူ ဒေါ်ခင်မေဇွန်လှိုင် [၁၂/လသယ(နိုင်) ၀၄၄၃၇၇]တို့သည် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကို (၁၀–၆–၂၀၂၆)ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ အသီးသီးထုတ်ဖော်၍ မှတ်တမ်းတင်ခဲ့ကြပါသည်။ ထိုသို့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ကွာရှင်းပြတ်စဲပြီးနောက် "အကြင်လင်မယားကွာရှင်းပြီးနောက် ပစ္စည်းခွဲဝေခြင်းနှင့်ပတ်သက်၍ နှစ်ဦးသဘောတူကတိစာချုပ်"ကိုလည်း ပြုလုပ်ချုပ်ဆိုပြီး၍ တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ပတ်သက်ဆက်နွှယ်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မင်းဦးနှင့် ဒေါ်ခင်မေဇွန်လှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မေဝင့်ဝါထွန်း (LL.B, D.B.L.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၅၀၄)**
**အမှတ်(၃၈၆/က)၊ ပထမထပ်၊ အောင်ဆုပန်လမ်း၊ ကြီးပွားရေးရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်။ ၀၉–၂၅၀၇၅၀၇၅၂**

## "ကုန်အမှတ်တံဆိပ်အမည်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ (၂၂)လမ်း၊ အမှတ်(၆၅၈)တွင်နေထိုင်သော ဒေါ်ဇွန်မီဝင်းဌေး (ဘ) ဦးဝင်းဌေး[၇/ကပက(နိုင်)၀၉၇၅၄၇]မှ အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ပြုလုပ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းကြေညာပြီးဖြစ်ပါသည်-

THE CLASSY
BRANDED COLLECTIONS

၁။ အထက်အမည်ပါကုန်အမှတ်တံဆိပ်အမှတ်အသားဖြစ်သည့် "THE CLASSY" BRANDED COLLECTIONS အမည်ပါ စာလုံးအားအရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် အဝတ်အထည်အမျိုးမျိုး၊ ဖိနပ်အမျိုးမျိုး၊ ပိုက်ဆံအိတ်အမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ရေမွှေးအမျိုးမျိုး၊ ခါးပတ်အမျိုးမျိုး၊ ဦးထုပ်အမျိုးမျိုး၊ နာရီအမျိုးမျိုးတို့ကို ဖြန့်ဖြူးရောင်းဝယ်ရေးလုပ်ငန်းတွင် အသုံးပြုပိုင်ဆိုင်သော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အသုံးပြုသွားမည်ဖြစ်ပါသည်။
၂။ အထက်အမည်ပါကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် အထက်အပိုဒ်(၁)ပါ ပစ္စည်းအမျိုးမျိုးတို့ကို ဖြန့်ဖြူးရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်မည်ဖြစ်ပြီး ၎င်း "THE CLASSY" BRANDED COLLECTIONS အမည်ပါ စာလုံးအား အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးပါ ကုန်အမှတ်တံဆိပ်အား မိမိတို့ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည့်ပစ္စည်းအမျိုးမျိုးတို့ပေါ်တွင်လည်းကောင်း၊ ဝန်ထမ်းများ အမြဲဝတ်ဆင်သည့် Uniform များပေါ်တွင်လည်းကောင်း၊ အသုံးအဆောင်များ၊ ဘူးများ၊ အိတ်များပေါ်တွင်လည်းကောင်း ခေတ်နှင့်အညီပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။
၃။ အထက်အမည်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတစ်ခုခုဖြင့် တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုမှ ကုန်ကျသမျှသော အရပ်ရပ်စရိတ်ငွေကြေးများအတွက် လျော်ကြေးငွေများ တောင်းဆိုသွားနိုင်ရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိမည်သည့် တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းတို့အရဖြစ်စေ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်ထားသည့် ကုန်အမှတ်တံဆိပ်အမှတ်အသားများကို ပယ်ဖျက်ပေးသည်အထိ ဆက်လက်အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ နာနတ်တောလမ်း၊ တိုက်(၁)၊ အခန်း(၃)၊ မြန်မာ့အသံဝန်ထမ်းအိမ်ရာနေ ဦးမျိုးမြင့်ဆွေ [၁၂/ကမရ(နိုင်)၀၆၁၉၅၅]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁)လမ်း ၊ အမှတ်(၄၈) ထပ်ခိုး(ခြေရင်း)အား ဒေါ်ပိုပိုအိန္ဒြာချစ် [၁၂/ဥကတ(နိုင်)၁၇၆၈၉၀] ကိုင်ဆောင်သူမှ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ဦးမျိုးမြင့်ဆွေက တိုက်ခန်းရောင်းဖိုးငွေအနက်မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းရောင်းချမှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ယခုကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ဖြေရှင်းနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမြင့်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုအောင်**
**အထက်တန်းရှေ့နေ (စဉ်-၃၅၅၀၉/၁၆-၁၂-၂၀၁၀)**
**တိုက်(၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း၊ (၁)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-31066498, 09-769147794**

တရားမပုံစံအမှတ် ၁၃၄

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## လှည်းကူးခရိုင်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေအမှုအမှတ် - ၆

ကွယ်လွန်သူ ဦးသန်းဦး၏ ကျန်ရစ်သော
ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

**ဒေါ်ရှန်နီနီဦး** **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မလစ်(အနောက်)ကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသန်းဦး၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ရှန်နီနီဦးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသန်းဦး၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့သည် အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်)နေ့၌ နံနက်(၁၀:၀၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်ရှန်နီနီဦး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်နေလင်း)**
**ခရိုင်တရားသူကြီး**
**လှည်းကူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း
## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ တိုက်အမှတ်(၁၃၃၂) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ်၊ (ခြေရင်းခြမ်း)၊ (၁၅x၅၀)အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လျက်ရှိကြောင်း၊ အဆိုပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရှုပ်အရှင်းများကင်းရှင်းကြောင်း၊ စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း မြွက်ဟထုတ်ဖော်ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ဟန် [၁၂/သဃက (နိုင်) ၀၁၂၈၄၉] နှင့် ဒေါ်သန္တာစိုးဟန် [၁၂/သဃက (နိုင်)၁၆၁၉၆၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း/စာရွက်စာတမ်း(မူရင်း)များနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးခိုင်ဇင် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၂၄)**
**တိုက်အမှတ် (၁၈)၊ အခန်းအမှတ် (၂၃)၊ မလိခအိမ်ရာ၊ ဘဝမြင့်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၇၂၃၅၇၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ Yankin Housing Project (2010-2011) အိမ်ရာ၊ တိုက်(၄/၁)၊ အခန်း(၀၄)၏ အမည်ပေါက် ဒေါ်မြင့်မြင့်သန်း[၁၂/သဃက(နိုင်)၀၂၉၁၂၅]ထံမှ ဒေါ်ချယ်ရီဇော် [၈/ပခက(နိုင်)၁၇၅၄၆၃] က စာချုပ်စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မနော်ဟရီလမ်း၊ မြေကွက်အမှတ်(၄၇၃)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀'x၆၀')၊ ဦးသင်းမောင် (ဘ) ဦးဘိုးညာဏ် (ALN-၀၃၆၁၈၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၄၇၁) နှင့် ကပ်လျက်ခြမ်း အကျယ်အဝန်း (၂၀'x၆၀')ရှိ ဂရန်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းမရှိ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးရဲမြင့်[၁၂/လမတ(နိုင်)၀၀၈၃၁၃]နှင့် ဒေါ်နွေမာမြင့်[၇/ဖပရ(နိုင်)၁၀၁၂၈၆]တို့မှ ရောင်းချရန်ကမ်းလှမ်း ပြောဆိုရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ထက်အောင် [၁၂/ရကန(နိုင်)၀၇၄၈၁၀]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဌေး( LL.B) အထက်တန်းရှေ့နေ(စဉ်-၄၁၈၂၂)**
**အမှတ်(၈/၃၇၅ - က)၊ ယင်းမာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉-၂၅၆၁၈၀၅၄၆၊ ၀၉-၄၂၆၅၉၉၂၃၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂) (သောင်ကြီး)၊ စိန်ပန်းမြိုင်လမ်း၊ မြေကွက်အမှတ်(၁၆၉/က)၊ လူနေရပ်ကွက်အမှတ် (၇)၊ အကျယ်အဝန်း( ၂၀ x ၆၀ )ပေရှိသော ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီး ဌာနတွင် ပါမစ်အမည်ပေါက် ဦးရှမ်းမဟာဒူး (TKA - ၀၄၃၂၆၆)အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူဖြစ်သော ဦးစောလင်းစိန်[၁၄/လမန(နိုင်)၁၆၉၀၀၀]ထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးနိုင်လင်းစိုး [၉/မခန(နိုင်)၁၉၉၂၀၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် (၃၀-၅-၂၀၂၆)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LL.B, WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ( စဉ် - ၁၂၇၇၄ )**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ မြေကွက်အမှတ်(၁၆၈၃/ခ)၊ ဒေါ်အေးမြင့် (MME-၆၄၀၆၂၁) အမည်ပေါက် မြေဧရိယာ(၂၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်စာတမ်းများဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်သူ ဦးဖိုးဇော် [၁၂/ခရန(နိုင်)၀၆၄၈၈၅]မှ လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထက်မြတ်အောင် [၉/မခန(နိုင်)၂၆၄၅၈၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သီတာဦး (LL.B,D.B.L)** | **ဒေါ်ခင်နှင်းသူ (LL.B,D.I.L)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၈၊၅၉)၊ သံသုမာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၉၈၁၂၆၆၇၀၊ ၀၉-၆၇၀၇၅၅၅၃၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာလမ်း၊ အမှတ်-၅၆၆၊ အကျယ်အဝန်း (၄၀ ပေx၆၀ ပေ)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈)ထပ်တိုက်အဆောက်အဦရှိ အကျယ်အဝန်း (၁၇ ၁/၂ ပေx၅၄ ပေ)ရှိ မြေညီထပ် (တိုက်မျက်နှာမူလျှင် ညာဘက်ခြမ်း-ထောင့်ခန်း) ဟုခေါ်တွင်သည့် မီနီကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် (၃၀-၉-၂၀၂၃) ရက်စွဲပါ ကန်ထရိုက်တာနှင့် မြေရှင်တို့ ချုပ်ဆိုထားသော စာချုပ်အရ ရောင်းသူ မြေရှင် ဒေါ်အေးသန်း [၁၂/ဥကတ(နိုင်)၀၈၁၃၈၀၁]မှ လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ပြီး အဆိုပါမီနီကွန်ဒိုတိုက်ခန်းအား ရောင်းသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မင်းဦး [၉/ခအဇ(နိုင်)၀၁၇၄၀၁၃] မှ (၃၁-၅-၂၀၂၆) ရက်နေ့တွင် နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုကာ တန်ဖိုးငွေ အပြေအကျေပေးချေကာ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်-၃၃၈/ခ၊ အကျယ်အဝန်း (၂၀ ပေx၆၀ ပေ)၊ (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၃၃၈/ခ၊ ကင်းဝန်လမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်တင်မီမီခိုင်[၁၂/ဒဂမ(နိုင်) ၀၂၀၁၁၂]အမည်ဖြင့် ဂရန်ခွဲလျှောက်ထားလျက်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ရောင်းသူ ဒေါ်တင်မီမီခိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(စ/၈)၊ ဧရိယာ (၀.၀၆၉၈ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(စ/၈)၊ ဦးဝိစာရလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ထားကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိ ပြုသူ ဦးအောင်နိုင် [၁၂/ပဇတ(နိုင်)၀၁၁၁၁၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၃၁၆၃၄၀၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## စမ်းချောင်းမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် **နှင့်** ဦးအောင်လတ်အေး
(အင်းယားလမ်းဘဏ်ခွဲ)
(၎င်းကိုယ်စားတာဝန်ပေးလွှဲအပ်ခံရသူ-
ဦးစန်းအောင် Assistant Vice President)

**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(အလယ်)ရပ်ကွက်၊ ပုသိမ်လမ်း၊ အမှတ်(၂၁-၂၃)၊ (၆)လွှာနေ တရားပြိုင်ဖြစ်သည့် ဦးအောင်လတ်အေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (အင်းယားလမ်းဘဏ်ခွဲ) ၎င်းကိုယ်စားတာဝန်ပေးလွှဲအပ်ခံရသူ ဦးစန်းအောင်က အကြွေးဝယ်ကတ် (MAB Credit Card) သုံးစွဲခဲ့ခြင်းအတွက် ကြွေးကျန်ငွေ စုစုပေါင်းငွေကျပ် (၁၇,၈၇၁,၀၀၀/-) (ကျပ်တစ်ရာခုနစ်ဆယ့်ရှစ်သိန်းခုနစ်သောင်းတစ်ထောင်တိတိ) ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်)နေ့ မွန်းမတည့်မီ (၁၁)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အင်ကြင်းဆွေ)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**စမ်းချောင်းမြို့နယ်တရားရုံး**

## အမည်မှန်

(ဘ) ဦးဇေယျာဦး၏ သား မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက-ထန်းပင်ချောင်ကျောင်း Grade-1မှ မောင်ဇေယျာလှျံထက်၏ အမည်မှန်မှာ မောင်ဇေယျာလျှမ်းထက်ဖြစ်ပါကြောင်း။

**မောင်ဇေယျာလျှမ်းထက်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ ရပ်ကွက်၊ အကွက်အမှတ်(က-၁)၊ ဦးပိုင်အမှတ်(၉၄-ခ/၃၀)၊ ရှင်ပင်အုံးအင်းလမ်းနှင့် ၇၂ လမ်းကြား၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ်၏ (SP ရရှိသူ ဒေါ်မေသက်နွယ်၊ ဒေါ်ခင်အုန်းမြင့်တို့)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၅၇၉/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးသိန်းဦး [၅/ဖပန(နိုင်)၀၅၈၆၇၉]က အမှုတွဲအမှတ်(၀၄၆၅/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ ရပ်ကွက်၊ အကွက်အမှတ်(က-၁)၊ ဦးပိုင်အမှတ်(၉၄-ခ/၃၁)၊ ရှင်ပင်အုံးအင်းလမ်းနှင့် ၇၂ လမ်းကြား၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်၏ (SP ရရှိသူ ဒေါ်မေသက်နွယ်၊ ဒေါ်ခင်အုန်းမြင့်တို့)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၅၈၆/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးခင်မောင်သန်း [၉/သစန(နိုင်)၁၁၇၉၈၇]က အမှုတွဲအမှတ်(၀၄၆၆/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ ရပ်ကွက်၊ အကွက်အမှတ်(က-၁)၊ ဦးပိုင်အမှတ်(၉၄-ခ/၃၂)၊ ရှင်ပင်အုံးအင်းလမ်းနှင့် ၇၂ လမ်းကြား၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူဦးအောင်မြတ်၏ (SP ရရှိသူ ဒေါ်မေသက်နွယ်၊ ဒေါ်ခင်အုန်းမြင့်တို့)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၅၇၇/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ TON SHU MEE [၁၃/ကမန(ပြု)၀၀၀၃၃၂]က အမှုတွဲအမှတ်(၀၄၆၇/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက ထန်တလန်မြို့နှင့် ဟားခါးမြို့သို့ ဆက်သွယ်ထားသည့် လမ်းကြောင်းအား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ပြီဖြစ်

နေပြည်တော် ဇွန် ၁၀

အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ထန်တလန်မြို့၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား သာလွန်အင်အားဖြင့် အလစ်အငိုက်ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ပြီး ဌာနဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ကာ ထန်တလန်မြို့အား ယာယီစိုးမိုးထိန်းချုပ်ခဲ့သည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားခဲ့သည့် ထန်တလန်မြို့အား ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် တပ်မတော်စစ်ကြောင်းများက အောင်မြင်စွာထိန်းချုပ်ထားနိုင်ခဲ့သည်။

ထိုသို့ပြန်လည်ထိန်းချုပ်ပြီး တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့ရွာများအား ပြန်လည်တိုက်ခိုက်ထိန်းချုပ်ကာ ဆက်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်၍ ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို မော်တော်ယာဉ်များဖြင့် အင်တိုက်အားတိုက်ပို့ဆောင်ပေးလျက်ရှိသည်။ စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❂



တပ်မတော်စစ်ကြောင်းများက ထန်တလန်မြို့အား ထိန်းချုပ်ထားမှု။

## အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း လာအိုကလပ်နှင့် တွေ့ဆုံ

ရန်ကုန် ဇွန် ၁၀

၂၀၂၆-၂၀၂၇ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရမည့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် လာအိုကလပ်အသင်းနှင့် တွေ့ဆုံနေသည်။




၂၀၂၆-၂၀၂၇ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲ ကျင်းပစဉ်။

ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို ဇွန် ၅ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့ပြီး ခြေစစ်ပွဲအဆင့်တွင် လေးသင်းယှဉ်ပြိုင်ရမည်ဖြစ်ကာ မြန်မာကလပ် ရှမ်းယူနိုက်တက် အသင်းနှင့် လာအိုကလပ် Ezra အသင်း၊ ဖိလစ်ပိုင်ကလပ် မနီလာဒီဂါ အသင်းနှင့် ဘရူနိုင်းကလပ် ကာဆူကာအသင်းတို့ တွေ့ဆုံနေသည်။ ခြေစစ်ပွဲပထမအကျော့ကို စက်တင်ဘာ ၁ ရက်နှင့် ဒုတိယအကျော့ကို စက်တင်ဘာ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❒

## ချယ်လ်ဆီးအသင်းက ပေါင်သန်း ၁၂၀ သတ်မှတ်ထားတဲ့ အန်ဇိုဖာနန်ဒက်ဇ်ကို ရီးယဲလ်မက်ဒရစ်အသင်း ခေါ်ယူမည်

ရီးယဲလ်မက်ဒရစ်အသင်းဟာ ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ်ကို ခေါ်ယူမည်ဖြစ်ပြီး အဆိုပါကစားသမားရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၂၀ သတ်မှတ်ထားတာဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ် အသင်းဟာ အသက် ၂၅ နှစ်အရွယ် အာဂျင်တီးနားကြယ်ပွင့် အန်ဇိုဖာနန်ဒက်ဇ်ကို ခေါ်ယူဖို့ ကာလရှည်ကြာ စိတ်ဝင်စားနေတဲ့ ကမ္ဘာ့ကလပ်အသင်းအများစုထဲမှာ တစ်သင်းအပါအဝင်ဖြစ်ပြီး အန်ဇိုဖာနန်ဒက်ဇ်ကလည်း တစ်နေ့နေ့မှာ မက်ဒရစ်မြို့၌ နေထိုင်သွားဖို့ရှိကြောင်း ပွင့်ပွင့်လင်းလင်းဝန်ခံထားတာဖြစ်ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ○



**ယနေ့ ဖတ်စရာ**


၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ ကျင်းပ စာမျက်နှာ » ၅

ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ် ညစ်ညမ်းမှုနှင့် ကမ္ဘာ့အနာဂတ်အတွက် စိုးရိမ်ဖွယ်အခြေအနေ ဆောင်းပါး စာမျက်နှာ » ၁၁

အင်ဒိုနီးရှားနိုင်ငံတွင် အစားအသောက်အခမဲ့ ကျွေးမွေးရေးအစီအစဉ် မြှင့်တင်ဆောင်ရွက် နိုင်ငံတကာ စာမျက်နှာ » ၁၃

သာကေတနှင့် ကျောက်တန်းမြို့နယ်တို့၌ ရွှေထည်ပစ္စည်းများ ခိုးယူသူ အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို သက်သေခံ ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ စာမျက်နှာ » ၁၅


## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇွန် ၁၀

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ